



စိတ်ကူးချိုချိုအနုပညာ

# ခင်နှင်းယု

## ပန်းခင်းမှ လွမ်းချင်းတေးသံ

ပြန်လည်ရိုက်နှိပ်ခြင်း



ည မရှိတော့ မိုးမလင်း၊ မိုး မလင်းမှတော့
ငှက်တွေလည်း အရုဏ်ကို မကြို၊ စကား မပြော
ကမ္ဘာကြီးတစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက်လို့
အသက် မဝင်တော့ဘူး

KHY0015
2,500.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၄၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၄၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၁၀
ရောင်းဈေး ၂၅၀၀ ကျပ်

၈၉၁·၈၄

ပန်းခင်းမှလွမ်းချင်းတေးသံ
ခင်နှင်းယု-ရန်ကုန်၊စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊၊ ၂၀၁၄၊
စာမျက်နှာ ၂၆၂ ၊ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) ပန်းခင်းမှလွမ်းချင်းတေးသံ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပန်းခင်းမှ
# လွမ်းချင်းတေးသံ
# ခင်နှင်းယု

မြန်လေညှင်းရိုက်နှိပ်ဖြန့်ချိ

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နံ့ကောင်ကြီး | ၁ |
| ၂။ | ဇနက္ကထက်သာသူ | ၂၁ |
| ၃။ | ဆယ်သော ကန်သင်း | ၃၉ |
| ၄။ | သူငယ်ချင်းကောင်း ယောက်မတို့ရေ | ၆၂ |
| ၅။ | ရွှေဘုံရိပ်သာ | ၈၄ |
| ၆။ | ပန်းပွင့်လေလား လိပ်ပြာလား | ၁၀၃ |
| ၇။ | ဗြဟ္မာကြီးဦးခေါင်း | ၁၂၁ |
| ၈။ | မိန်းမချစ်လျှင် | ၁၃၂ |
| ၉။ | တောင်ပံကြွေသော လိပ်ပြာတေလေ | ၁၄၈ |
| ၁၀။ | ရှာပုံတော် ဖွင့်ပါလို့ရယ် | ၁၆၆ |
| ၁၁။ | သောက်ရှူးကြယ်ညီနောင် | ၁၈၈ |
| ၁၂။ | ကိုင်းဖျားနှင့် ပင်ရင်း | ၂၀၆ |
| ၁၃။ | ဆောင်း၏ ညများ | ၂၂၂ |
| ၁၄။ | မြက်တောမှ မုန့်ပျားသလက် | ၂၃၆ |
| ၁၅။ | စခန်းအချတွင်မှ လွမ်းရတဲ့သူ | ၂၅၂ |


* *

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း (၁)
## နံ့ကောင်ကြီး

မောင်ဆွေတင် ရန်ကုန်ကို ရောက်စက ဒဏ္ဍာရီအမျိုးမျိုးကို ကြားခဲ့ရ၏။ သူ့အဖို့တော့ ဒဏ္ဍာရီပုံလောက် သဘောထားမျိုးသဖွယ် စိတ်ထဲတွင် ထားရှိနိုင်အောင် အခြေအနေက ပေးသည်ဆိုလျှင် မမှားပေ။

အမေ၊ အဖေက ချမ်းသာလွန်း၍ မဟုတ်။ ဆွေစုမျိုးစုတွင် အဆင်းရဲဆုံးဟူသော ခံယူချက်က သူ့ဘဝအစကို ကံကောင်းခြင်း တံခါးမှ ဝင်ခွင့်ပေးလိုက်၏။

အဖေကတော့ သိပ်ပြီး မကျေနပ်လှပေ။ သားကြီးသြရသ ဆိုသည်မှာ မောင်နှမသားချင်းတို့တွင် ရှေ့ဆောင်နည်းယူစရာအရည် အချင်းတို့နှင့် ပြည့်ဝစေချင်သည်။ သူ့သားသည် ထိုအရည်အချင်းတို့ နှင့် မပြည့်ဝဟူ၍ သိ၏။ လုံးလုံးမရှိတော့ မဟုတ်ပါပေ။

ဖခင်တစ်ယောက်အနေနှင့် ဘမျိုးဘိုးတူချို့နဲ့ဟူသော စကား လုံးများက မွေးသောသားသမီးများထဲတွင် သားများ ထူးထူးချွန်ချွန် မရှိလျှင် ဖြစ်စေ၊ အကျင့်စာရိတ္တမကောင်းလျှင်ဖြစ်စေ အဖေကိုအခိုက် ခံရသည်။ သူ့သားကြီးသည် လိုအပ်သော အရည်အချင်းနှင့်မပြည့်ဝ

mgyoe.com

mgyoe.com

လျှင် သူ့ခေါင်းပေါ် ပုံကျလာမည်ကို သူသိသည်။

"သမီးမကောင်းလာလျှင်လည်း နွားငယ်လှ၊ မလှ နွားမကြည့်" ဟူသော စကားလုံးက မိခင်ကိုခိုက်၍ ပြောတတ်၏။

အော် တကယ်ဆိုတော့ မိဘဆိုသော လူတန်းစားသည် ဘယ်ဘက်ကမျှ မသက်သာသော လူတန်းစားတစ်ရပ်ပင် မဟုတ်ပါလား။

အရွယ်ရောက်အောင် ကျွေးမွေးရဦးမည်။ သူတို့ကို ပညာပေးရဦးမည်။ ပညာပေးပြီး၍ မဆုံးသေး၊ ကြင်ရာ ရှာပေးရဦးမည်။ ဆင်းရဲလျှင် တော်သေးသည်။ ချမ်းသာသော မိဘဆိုလျှင် အမွေခွဲဝေမပေးပါက မိဘအပြစ်။ သူတို့၏ ဘဝခိုင်လုံမှုအတွက် အမွေအတုံးလိုက်၊ အတစ်လိုက် အသပြာ စုပုံမပေးနိုင်တောင် အသက်မွေးမှုတစ်ခုခုအတွက် အရင်းအနှီးတစ်ခုခုကိုတော့ မြှုပ်နှံပေးပါ။ ဤဘဝဆိုသော လူတန်းစားတစ်ရပ်သည် အပြစ်ကင်း၏။

ဘဝကုသိုလ်ကံ ညဉ်ဆိုးတစ်ခုခုကြောင့် သားသမီးတစ်ယောက်ယောက် အကျင့်ဖောက်လာပါလျှင်လည်း-

"မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်" ဟူသော ဝတ္တရားနှင့် မညီခဲ့၍ဟူသော ပုဒ်မဖြင့် မိဘတို့အား စွပ်စွဲပေဦးမည်။ စွဲချက်တင်ပေဦးမည်။

ဘယ်လိုပင် ဖြစ်စေ၊ ကိုမြဇော်ကတော့ သူ့ဝတ္တရားရှိသမျှ အစွမ်းကုန်လုပ်ပေးလိုက်သည်ဆိုလျှင် မမှားပါပေ။

သူတို့နေထိုင်ရာ ကျောက်ဆည်မြို့ကလေး၏ အထက်တန်းကျောင်းတွင် သူတို့၏ သားဦးဖြစ်သူ မောင်ဆွေတင်ကို အတန်းကုန်အောင် ထားပေး၏။ ဆွေတင်က(ဘီကွမ်း)ဘီနှင့် နှစ်ထပ်ကွမ်းကျသောကြောင့် ၁၀ တန်းကို မအောင်၊ တက္ကသိုလ်ကို မသွားရပေ။

mgyoe.com

mgyoe.com


ကိုမြဇော်သည် သူတို့မြို့ ကားဆိပ်အနားတွင် လက်ဖက်ရည်ဆိုင်ဖွင့်၍ ဇနီးသည်က လက်သုပ်ဆိုင်ဖွင့်သည်။ ဒီဝင်ငွေနှင့် ဆွေတင်ကို မပင်မပန်း အထက်တန်းပညာကို ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ဆွေတင်၏ အောက်တွင် မိန်းကလေးနှစ်ယောက်နှင့် သားငယ်သုံးယောက်ရှိသေးသည်။ "မပင်မပန်း"ဆိုသော စကားလုံးက ကိုမြဇော်နှင့်ဇနီးသည် မစိန်အေးအတွက် စကားလုံးမဟုတ်၊ ဆွေတင်အတွက် စကားလုံး ဖြစ်ပါသည်။

ကိုမြဇော်အတွက် လက်ဖက်ရည်ဆိုင် အလုပ်ဆိုသည်မှာ မပင်ပန်းဘဲ ရှိပါမည်လား။ မစိန်အေးအတွက်ကရော။

သန့်ရှင်းဝင်းဝါသော ခေါက်ဆွဲပုံတစ်ပုံ၊ ဖြူဖွေးသော ဆန်ညှပ်ခေါက်ဆွဲတစ်ပုံ၊ မုန့်ဟင်းခါးတစ်ပုံ၊ ကြည်လင်ဖြူစင်သော ပဲကြာဇံပြုတ်ထားသော အပုံတစ်ပုံ၊ အာလူးပြုတ်ရဲရဲနီနီ၊ ထိုစားသောက်ဖွယ်ရာများကို ကြွေရည်သုတ်လင်ပန်းတစ်ချပ်စီပေါ်တွင် နံနက်ခင်း ဝယ်ယူစားသောက်သူ စိတ်သန့်အောင် ခင်းကျင်းပြင်ဆင်ထားရ၏။ ကြည့်တော့သာ ဘာမှမဟုတ်ဘူး ထင်ရသော်လည်း အလွန်လက်ဝင်သော အလုပ်ဖြစ်သည်။

တစ်နေ့တာ လက်သုပ်စုံတစ်ခါရောင်းအတွက် နံနက် ၄ နာရီက မစိန်အေး ထ၍ ပြင်ရသည်။ ချက်ရသည်။ ကြော်ရသည်။ လှော်ရသည်။ ခေါက်ဆွဲအတွက် အုန်းနို့ဟင်း၊ မုန့်ဟင်းခါးအတွက် ငါးချူပြုတ်၊ ဟင်းခါး၊ ဆီချက်၊ ကြက်သွန်စိမ်း၊ နံနံပင် မကျန်အသေးစိတ် အလုပ်လေးများလည်း ပါသည်။ မစိန်အေးကိုတော့ အရွယ်မရောက်တရောက် သမီးငယ်လေးနှစ်ယောက်က မိုးမလင်းခင် အမေ့ကို ကူပြီးမှ နံနက် ၇နာရီတွင် ကျောင်းသို့ပြေးသွားကြသည်။ တစ်ယောက်မှာ ၆ တန်းဖြစ်၍ တစ်ယောက်မှာ ၅ တန်းဖြစ်သည်။

mgyoe.com

mgyoe.com



အငယ်သား သုံးယောက်ပင် ကိုယ့်ပန်းကန်ကိုယ်ယူ၍ သူတို့အဖေဆိုင်မှ ကော်ဖီနှင့် မုန့်ကြွပ်အချောင်းများကို တို့စားကာ ကျောင်းသို့ ပြေးသွားကြသည်။

ဒီအချိန်ထိ သားကြီး ဩရသ မောင်ဆွေတင်အိပ်ရာမှ မနိုးသေး။ ထိုအဖြစ်ကိုပင် ကြည့်ခြင်းဖြင့် ဆွေတင်၊ တက္ကသိုလ်ဝင်တန်း (သို့မဟုတ်)အထက်တန်းကို ဘီနှစ်ထပ်ကွမ်းနှင့် ကျနေခြင်းမှာ ထူးခြားသော အကြောင်းမဟုတ်ပါပေ။

တစ်ခါတစ်ရံတော့ ကိုမြဇော်သည် မစိန်အေးကို သားကြီးအပေါ် စည်းကမ်းရှိရှိ မဆုံးမကောင်းလားဟု အပြစ်တင်မည် ဆူပူလိုက်မည်ဟုလုပ်တိုင်း မစိန်အေး၏ ပြုံးရွှင်ကြည်လင်သော မျက်နှာနှင့် မနက်မိုးမလင်းခင်မှ အလုပ်စ၍ နေ့လယ်နှစ်ချက်တီး ဆိုင်သိမ်းချိန်အထိ ဇယ်စက်သလို လုပ်သွားသည်ကို မြင်ရသောအခါ သူ၏ဆူပူသံနှင့် မစိန်အေးကို ထပ်မံစိတ်ညစ်အောင် မလုပ်ချင်တော့ပေ။

ပြီးတော့ သားကြီး၏ ဖြစ်ရပ်များတွင် သူသည် တာဝန်အရှိဆုံး သူတစ်ယောက်ဖြစ်သည်ကို သူ သဘောပေါက်နားလည်ပါသည်။

သူတို့လင်မယား နှစ်ယောက်စလုံးသည် လုပအေးချမ်းသောအတိတ်ဖြင့် စခဲ့သော ကြေးရတတ်လင်မယားဖြစ်ခဲ့၏။ စစ်ပြီးကတည်းက လခစားအလုပ်ကို ပြန်မဂင်ဘဲ လက်ဖက်ရည်ဆိုင်တည်ခဲ့သူဖြစ်၏။ ပညာမဲ့၊ ဥစ္စာမဲ့ ခပ်တုံးတုံးမိဘနှင့် သားသမီးအပြန်အလှန်ထားရှိအပ်သော လူ့ကျင့်ဝတ္တရားကို မသိသည့်ဇနီးမောင်နှံမဟုတ်ပါပေ။

ယခုတော့ မစိန်အေးသည် အပျိုဘဝသက်တမ်းတစ်လျှောက်ဆောင်းခဲ့သော သူ၏ လှပသော ရွှေထီးကလေးပျက်စီးသွားကတည်းက သူ၏ အိမ်အို အခန်းတစ်ထောင့်တွင် သိမ်းဆည်းခဲ့၏။ ချစ်လင်၏

mgyoe.com

mgyoe.com


အင်ဖက်နှင့် ယှဉ်၍လုပ်သော ထီးစုတ်ကလေးကို နှစ်ကိုယ်တူယှဉ်တွဲ ဆောင်းကာ ခရီးထွက်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် မစိန်အေးကို၊ သူဘာမှ သားကြီးကိစ္စနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်မပေးချင် မဆူပူချင်တော့ပေ။

ရန်ကုန်မြို့တွင် ကြီးပွားတိုးတက်နေသော သူ၏ ရဲဘော်ရဲဘက်ရောင်းရင်းများထံ မိတ်ဆက်စာ တစ်စောင်စီရေး၍ ဆွေတင်ကို လွှတ်လိုက်၏။ ရေဆုံးမြေဆုံးထိရောက်အောင်တော့သားကို ပို့ရဦးမည်။ လမ်းပေါ်ရောက်အောင် ပို့ပေးဖို့က သူ့တာဝန်၊ ဆက်လျှောက်သည်၊ မလျှောက်သည်က ဆွေတင်၏အလုပ်။

ကိုမြဇော်၏ ရောင်းရင်းရဲဘော်များသည် ယခုတိုင် သူတို့၏ ရဲဘော်ကြီးကို သစ္စာရှိကြ၏။ အောက်ခြေမလွတ်။ တို့များရဲဘော်မြဇော်ကြီး၏ သားအနေနှင့် ဝမ်းပန်းတသာလှိုက်လှိုက်လှဲလှဲ ဆီးကြိုကြ၏။

ထမစာက ရဲဘော်ဖေသော်(ယခု ဗိုလ်မှူးဖေသော်)ထံသို့ဖြစ်၏။ ဗိုလ်မှူးအဖြစ် ကောင်းစားနေသည်ဟု ဆိုဖွယ်ရာရှိသော်လည်း သူတို့သည် သူတို့၏ ရောင်းရင်းမြဇော်ကို မမေ့။ ထို့ကြောင့်မြဇော်စာကို ဆွေတင်လက်မှ ရရချင်းဝမ်းသာအားရ ဖောက်ဖတ်၏။

"ခင်ရေ ...လာပါဦး၊ သူက ကိုကို ခဏခဏ ပြောနေတဲ့ မြဇော်ရဲ့သားလေ"

သူ့ဇနီးသည်နှင့်လည်း မိတ်ဆက်ပေး၏။ ဇနီးသည် ခင်မှာ သူ့ချစ်လင်၏ ရဲဘော်ဟောင်းများ၊ ထိုရဲဘော်များ၏ သားသမီးအစဉ်အဆက်များ အလုပ်ရရှိရေး၊ အခြေကျရေးအတွက် ချစ်လင်စိတ်တိုင်းကျ ပါရမီဖြည့်ရပေါင်းများ၍ တိုးထူးကာမပင်ပန်းတော့ပေ။ တာဝန်မကြီးတော့ပေ။

"အန်တီခင်တို့အိမ်မှာ အန်တီ့သားတွေနဲ့အတူ နေနိုင်ပါ

mgyoe.com

mgyoe.com


တယ်”ဟု ဆီးကြိုနေရာပေးလိုက်၏။

ဆွေတင်ကံကောင်းပေ၏။ ထို့ကြောင့် ဗိုလ်မှူးဖေသော်ထံမှ စစ်ခေတ်တစ်ခေတ်လုံး ကိုမြဖော်နှင့်အတူ ဂျပန်စစ်ကျောင်းတွင်လည်းကောင်း၊ ဗမာ့တပ်မတော်တွင်လည်းကောင်း ဆင်းရဲအတူ ချမ်းသာအမျှ နေခဲ့ရပုံများကို ဒဏ္ဍာရီသဖွယ် ကြားရခြင်း ဖြစ်၏။

သူတို့သည် သူတို့၏တိုင်းပြည်ကိုလည်း ချစ်၏။ သူတို့ပြည်ထောင်စုကိုလည်း ချစ်၏။ သူတို့တပ်မတော်ကိုလည်း သစ္စာရှိခဲ့၍ သွားထွက်အောင်ပါးကိုရိုက်ခံ၊ ကျိုက်ကျိုက်ဆူသော ရေနွေးအပြည့်နှင့် ဒန်အိုးပူကို အကိုင်ခံ၊ နေပူအလှန်းခံကာ ဖွဲ့သစ္စာကိုပြု၍ ငယ်ရွယ်သော စစ်ကျောင်းသားဘဝကို စခဲ့ကြခြင်းဖြစ်၏။ ဘဝအစ၏ သစ္စာကို ကြည်နူးစွာပင် ပြန်လည်ပြောပြ၍ ဆွေတင်သည် ဤပုံပြင်များကို ကြားရခြင်း ဖြစ်၏။

အော် …သက်သောင့်သက်သာနှင့် ရွှေရောင်တောက်သော သပြေတစ်ခက်၊ ရွှေပွင့်တစ်ပွင့်ကို ပခုံးပေါ်ဆင်ခဲ့ကြရခြင်းမဟုတ်ပါ တကား။ ပန်ကာအောက်မှ မဟော်ဂနီစားပွဲကို မျက်နှာချင်းဆိုင်၍စခဲ့ ကြသည် မဟုတ်ပါတကား။

ဆွေတင်သည် ဗိုလ်မှူးဖေသော် အိမ်တွင် အိပ်ရာလိပ်နှင့်သူ ပစ္စည်းများကို ထားခဲ့၏။ သူ့ဖခင်၏ ဒုတိယမိတ်ဆက်စာကို သွား၍ ပေးရဦးမည်။

ဒုတိယ ပေးရမည့်သူကား စစ်ဘက်အရာရှိလည်း မဟုတ်။ အစိုးရနယ်ဘက် ကုလားထိုင်ကိုလည်း မထိုင်ပါသော၊ သူ့ကုလားထိုင် သူလုပ်၍ သူ့စုတ်တံနှင့် သူ့ဘဝတွင် ပျော်နေပါသော ဘိလပ်ပြန်ပန်းချီ ဆရာကြီး ဦးသက်ဝေဖြစ်၏။

“အော် …မင်းက လက်စသတ်တော့ ကိုမြဖော်သားကိုး။

mgyoe.com

mgyoe.com


ယဉ်ယဉ်ရေ ...လာပါဦးဟေ့။ ဒါက မောင်မောင်တို့ ဂျပန်ခေတ်တပ်မတော်တုန်းက သင်တန်းအမှတ် ( )တစ်ပါတ်ထဲဆင်း ကိုမြဇော်ကြီးသားလေ"

စစ်ဗိုလ်ကြီးရော၊ ပန်းချီဆရာပါ ဇနီးသည်များကို မိတ်လည်းဆက်ရင်း ဧည့်သည်တစ်ယောက် သူတို့အိမ်တွင် လက်ခံသည်ကိုတိုင်ပင်ခြင်း၊ သဘောတူညီမှုဆန္ဒတောင်းခြင်းတို့ တစ်ပါတည်းပါသော ကိစ္စများကို လုပ်ကြ၏။ လုပ်ရပေမည်။ အဘယ်ကြောင့်ဆိုသော်ကောင်းစားသော အရာရှိများဖြစ်စေ၊ နိုင်ငံရေးသမားဖြစ်စေ၊ ပါရမီဖြည့်ဖက် မချောစာတို့က လင့်ဘဝကို နားမလည်ပါလျှင် နှုတ်ခမ်းစူပြ၊ ငရုတ်ဆုံကို ငရုတ်သီးမပါဘဲ အသားလွတ်ထောင်းပြ၍ ဧည့်နှင်တတ်သောကြောင့် ရဲဘော်ချင်းချင်း ချစ်စိတ်ပြယ်ရုံမက အရာရှိများ နာမည်ပျက်ကြရသည်။

ယခုတော့ တော်သေး၏။ စိန်နားကပ်ကြီး တဖျတ်ဖျတ်နှင့်ပန်းချီဆရာကြီး၏ ဇနီးကလည်း–

"မောင်မောင့် သူငယ်ချင်းသားလား၊ အေး ...အန်တီတို့အိမ်မှာ ပျော်သလောက်နေနိုင်ပါတယ်။ မင်းဦးလေးသက်ဝေရဲ့ ပန်းချီပညာကို ဝါသနာပါတယ်၊ သင်ချင်တယ်ဆိုလည်းသင်ပေါ့"ဟု ပြေပြေပြစ်ပြစ် လက်ခံကြို့ဆိုပါ၏။

"ထိုင်ပါဦးကွ မောင်ဆွေတင်။မင်းက မင်းရဲ့အန်တီ ယဉ်ယဉ်နားမှာ စိန်နားကပ်တဝင်းဝင်းမြင်ရတော့ ...အို ...ငါကြားဖူးတဲ့ ရွှေမြို့တော် ပန်းချီဆရာတွေနဲ့ မတူပါလားလို့ အထင်မလွဲနဲ့ဦးနော်။ မင်းအဖေ ကိုမြဇော်နဲ့ ဦးလေးနဲ့က ခပ်ဆင်ဆင်၊ မင်းဖေဖေက ဘီအီးဒီဆရာဖြစ် လက်မှတ်ရပြီးသား။ စစ်မဖြစ်ခင်က နယ်မှာ ကျောင်းဆရာအဖြစ်လုပ်တယ်။ ခုလွတ်လပ်ရေးရပြီးမှ သူ့ဘာသာ လက်ဖက်ရည်

mgyoe.com

mgyoe.com


ဆိုင်ဖွင့်နေတာ မောင်ရင်ရေ့။ ဒီစတြိတ်မြို့တွေမှာရော၊ ရန်ကုန်မှာရော ကုလားထိုင်ထိုင်ပြီး ခေါင်းညိတ်ရတဲ့အလုပ်တွေဆိုရင် ဘာမှ မလုပ်ချင်ဘူးတဲ့။ အေး ...ပိုက်ဆံမရှိလို့ ကျူရှင်မပေးနိုင်တဲ့ ကလေးတွေဆိုရင် အချိန်တစ်ချိန်ထားပြီး စာသင်ပေးတယ်ဆို"

"ဟုတ်ပါတယ် ခင်ဗျာ"

"အေး၊ ငါလည်း စစ်ပြီးကတည်းက လခစားအလုပ်ဆိုဘာမှ ကို လုပ်ချင်လို့ ဝါသနာဟောင်းအတိုင်း ပန်းချီပဲဆွဲခဲ့တာ။ လန်ဒန်နဲ့ ပဲရစ်ကို ပန်းချီပညာသွားသင်နိုင်တာလည်း ကောင်းစားတဲ့ရဲဘော်ရဲဘက်တွေ မ,လို့ သွားနိုင်ခဲ့တာ။ ယဉ်ယဉ်စိန်နားကပ် ပန်နိုင်တာလည်း ကျောင်းဆရာမလုပ်ပြီး သူ့ပိုက်ဆံသူစုပြီး ပန်တာ မောင်ရင်ရေ။ တို့ ပန်းချီပညာသင်ချင်လို့ ရန်ကုန်တက်လာကာစဆိုရင် ဒဂုန်မဂ္ဂဇင်း ခေတ်ဆိုတော့"

ဟူ၍ သူတို့၏ ပန်းချီဟူသော အနုပညာလမ်းစတွင် ပန်းချီ အတတ်ပညာကို သင်ယူခဲ့သော ပုံပြင်ဟောင်းကို ပြောပြခဲ့၏။ပညာ ပေးသူ ဆရာကိုယ်တိုင်က ဆေးတံကိုခဲ၍ သူ့ပညာကို ဖွဲ့ကောင်းကောင်းနှင့် အခြေချခဲ့သည်။ သူ့ကြင်ဖက် ပါရမီဖြည့်ဘက်ဇနီးက ဘဲဥတစ်လုံးပြုတ်ပေးသည်ကို မနက်တစ်ခြမ်း၊ ညတစ်ခြမ်းစား၍ ရှိသမျှ အချိန်ကို ပန်းချီပညာတွင် မြှုပ်နှံခဲ့သော ဒဂုန်စံဝေ ဖြစ်ခဲ့သည့် သူ့ဆရာ ဒဂုန်စံဝေထံတွင် ပန်းချီပညာကို ဆရာကတော်ကျွေးသော ထမင်းကြမ်းနှင့် ပဲပြုတ်ဆီဆမ်းစား၍ ပညာကိုယူခဲ့ခြင်းဖြစ်၏။

စစ်ကြီးဖြစ်လာချိန်တွင် ဝါသနာလေးတွေ ခေတ္တစွန့်ကာ သူတို့အားလုံး ဗမာ့လွတ်လပ်ရေး တပ်မတော်တွင် ဆုံစည်းခဲ့ကြခြင်း ဖြစ်၏။ ယခုစစ်ပြီးခေတ် နောက်ပိုင်းတွင်တော့ ကိုယ်ဝါသနာပါရာကို ကိုယ်ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


ဤပုံပြင်များထဲတွင် ဆွေတင်ကတော့ ဘယ်လိုလက်ခံသည် မသိ။ သူ့အဖေ ရဲဘော်များတွင် ကူညီသော၊ ဘယ်သောအခါမှ မပြောင်းလဲသော အချက်နှစ်ချက် ရှိသည်။ သူ့အဖေကိုမြဇော်၊ ဗိုလ်မှူးဖေသော်၊ ပန်းချီသက်ဝေ၊ သူတို့ဘဝက သဲဖြူငွေလွှာပွင့်ခင်း၍ ရာဇမတ်ကာသော လမ်းမှ သုံးယောက်စလုံး ဘယ်သူမှ မစခဲ့ကြ။ ဤတစ်ချက် တူညီကြသည်။

ဒုတိယတစ်ချက်က တစ်ယောက်ကောင်းစားလျှင် တစ်ယောက်ကူမည်။တစ်လုံးရလျှင် တစ်ခြမ်းစီ ခွဲဝေပေးမည်ဟူသော စိတ်ဓာတ်ဖြစ်သည်။

ထို့ကြောင့်ပင်လျှင် သူတို့၏ ရဲဘော်ဟောင်းကြီးသား ဆွေတင်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြခြင်းဖြစ်သည်။

ဆွေတင်သည် ပန်းချီပညာကို ဝါသနာမပါကြောင်း၊လောလောဆယ် ဗိုလ်မှူးဖေသော်အိမ်တွင်နေမည့်အကြောင်း ပြောပြ၏ ။

"အေး ...အေး။ ဦးလေးနဲ့ပတ်သက်တဲ့ အကူအညီရှိလည်း ပြောနော်"ဟု ပန်းချီဦးသက်ဝေသည် ဆွေတင်ကို ပြောလိုက်၏။

ဆွေတင်သည် ရန်ကုန်ရွှေမြို့တော်ကြီးသို့အဝင် ရွှေတံခါးဂိတ်ဝကြီးသည်လည်း ချောမွေ့ပြောင်လက်ပြေစွာတကား။

ဗိုလ်မှူးဖေသော်၊ဦးသက်ဝေတို့ အကူအညီနှင့်လခ ၂၀၀ကျပ်စားနေရာ၊ တစ်နေရာကို ဆွေတင် မပင်မပန်းရရှိခဲ့သည်။

သားတော်မောင်အကျင့်ကို သိပြီးဖြစ်သော ကိုမြဇော်ကမူ ရင်တထိတ်ထိတ်နှင့် ဘယ်သောအခါ သူ့ရောင်းရင်းများထံမှ တိုင်စာတစ်ခုခုရောက်လာမည်လဲဟု တွေးတောနေမိ၏။ စိတ်ပူမိ၏။

သူစိတ်ပူသလို တိုင်စာတော့ မရောက်လာပါ။ ဗိုလ်မှူး

mgyoe.com

mgyoe.com


ဖေသော်၏ထံကသာ စာတစ်စောင်ရောက်လာ၏။

စာကမှူ အတိုချုံးလျှင်

ရဲဘော်ကြီးရေ–

ဘာပဲပြောပြော တို့များအားလုံး လွတ်လပ်ရေးကို ယှဉ်တွဲတိုက်ခဲ့ကြတယ်။

တို့ကလည်း လူပေတွေပဲမို့လား၊ တို့က ဒီလွတ်လပ်ရေးကို တိုက်ခိုက်ပေးခဲ့သူများရယ်လို့၊ဘာအခွင့်အရေးမှ အရေးမဆိုခဲ့ကြဘူး။ ကံကြမ္မာအလျောက် ဆိုဖာကုလားထိုင်မှသည် ခွေးခြေအထိ တို့ရဲဘော်ထဲကလူတွေ နေရာယူနေတော့လည်း တို့တစ်ဦးအပေါ်တစ်ဦး မငြူစူမိဘူး။

ဘာဖြစ်လို့လဲဆိုတော့ ရှုပ်ရှုပ်ချုံချုံ ထိုထက်မကတိုင်းပြည်တာဝန် ထမ်းဆောင်ခဲ့ကြတဲ့ တချို့ပုဂ္ဂိုလ်တွေမှာ သပေါ့ဖျာစုတ်တစ်ချပ်စာ တစ်နေရာကိုတောင် မရခဲ့ကြဘူး သူငယ်ချင်း။

ဒါပေမယ့်တို့များ အသုံးအနှုန်းအခေါ်အရ ဗျူရိုကရက် သို့မဟုတ် ပညာတတ်လူတန်းစားအသီးသီးကတော့ ဒီဘက်ပိုင်းမှာလည်း သူတို့အချင်းချင်း သူတို့စောင်မကြည့်ရှုကြတယ်။ သူတို့သားသမီးတွေကိုလည်း ပညာအပြည့်ပေးပြီး နေရာကောင်း အသီးသီးတွေပေးထားလိုက်ကြတာ တစ်ချို့နေရာတွေမှာ သကောင့်သားဆွေတော် မျိုးတော်တွေကို တို့ကပဲ ဦးတိုက်ဦးညွတ်ရသေးတယ်။

ဒါကြောင့် မင်းရဲ့သားတော်မောင်ဆွေတင်ကိစ္စမှာ

mgyoe.com

ငါနဲ့ သက်ဝေကြီးတိုင်ပင်ပြီး ၂၀၀ကျပ် စားတစ်နေရာရ
အောင် ကြံဖန်လုပ်ပေးလိုက်ကြတာပဲဟေ့။ တို့လုပ်တာ
တရားပါတယ်နော်။

သင့်ရဲဘော်–ဖေသော်

ဟူသော စာကိုသာ ရန်ကုန်မှ ရရှိခဲ့ပေသည်။

ကိုမြဖော်သည် သူ၏ရဲဘော်ဟောင်းကြီးထံမှ စာကို မစိန်အေးအား ပြလိုက်၏။ မစိန်အေးသည် စာကိုဖတ်ပြီး၍ဆုံးလျှင်။

"သူတို့ဘက်က တာဝန်ကျေပါတယ် ကိုမြဖော်ရယ်"

ဟူ၍သာ မှတ်ချက်ချလိုက်၏။ တစ်စုံတစ်ရာ မဝေဖန်ပေ။

ဆွေတင်ကတော့ ရုံးတက်၊ ရုံးဆင်းစားလိုသော အချိန်မှ လက်ဆေး၍ ထမင်းကို ဝင်စား၏။ သူစားလိုသောအချိန်တွင် ဗိုလ်မှူးကတော် ခင်က အဆင်သင့်ပင် ထမင်းပွဲပြင်ပေး၏။

အော် ...ရဲဘော်–ရဲဘက်ချင်းအနေနှင့် ကိုမြဖော် မျက်နှာကြီးသည်ကို ဆွေတင် သတိမပြုမိပေ။

တစ်နေ့တွင်တော့ ကိုသက်ဝေတို့အိမ်တွင် ပြဿနာတစ်ခု ပေါ်လာသည်။ ကိုသက်ဝေသည် အမျိုးသားယဉ်ကျေးမှုဆိုင်ရာ ပြတိုက်များ၊ နိုင်ငံခြားသားများ အဝင်အထွက်များသောလေဆိပ်များတွင် ဆွဲချိတ်ရန် သူ့လက်ရာပန်းချီကားများ ဆွဲပေးရ၏။

ထိုပန်းချီကားများ ဆွဲပြီး၍ အားလပ်ချိန်များတွင်မူ သူ့ဇနီးသည် ယဉ်ယဉ်က ကျောင်းဆရာမအနေနှင့် သူ့အမြင်ကိုတင်ပြလာသည်။

"ကိုသက်ဝေ၊ အောင်ခြင်းရှစ်ပါးတို့ ဇာတ်ကြီးဆယ်ဘွဲ့တို့ကို ဦးဘကြည်ရောင်စုံပန်းချီကားဆွဲပြီး ထုတ်ဝေတာ ကလေးတွေအတွက်

mgyoe.com

mgyoe.com


သိပ်အကျိုးရှိတာပဲ။ ဗုဒ္ဓဘာသာကလေးတွေမှာ သူတို့ ဗုဒ္ဓရှင်တော်ဘုရားရဲ့ ဖြစ်စဉ်တွေ၊ ပါရမီကျင့်စဉ်တွေကို စာရော၊ ပန်းချီကားရော ယှဉ်ပြီး ကြည့်ရဖတ်ရတော့ မငြီးငွေ့ဘဲ အားလုံးသိတယ်။

ကိုသက်ဝေအနေနဲ့ အားလပ်ချိန်မှာလေ ငါးရာ့ငါးဆယ်ထဲက ခေတ်နဲ့လျော်မယ့် ပုံဝတ္ထုတွေ၊ ပြီးတော့ ဘာသာရေးနဲ့မဆိုင်ပေမယ့် ကလေးတွေ အကျင့်စာရိတ္တကို မြှင့်တင်နိုင်တဲ့ တိရစ္ဆာန်ပုံပြင်၊ လူပုံပြင်တွေကို ပန်းချီကားလေးတွေဆွဲပြီး ထုတ်ဝေရင် ကောင်းမှာပဲ။ တစ်နှစ်မှာ တစ်အုပ်ပဲပြီးပြီးပေါ့။

စီးပွားရေးလည်းဟုတ်၊ ကုသိုလ်လည်းရတာပေါ့။ ယဉ်ယဉ်ဘာဖြစ်လို့ အဲဒီလိုပြောရသလဲဆိုတော့ တစ်နေ့ကပဲ ကျောင်းမှာတွေ့ခဲ့ရတယ်။ (ရပ်ကွက်တစ်ခုက)လူငယ့်ရေးရာ စာစောင်က မျက်နှာဖုံး ပန်းချီကားက အဲဒီမှာပါတဲ့ မိန်းကလေးအရွယ်ဟာ ဆံပင်ပြုပြင်ထားတာကော၊ အဝတ်အစားများရော ဘာတစ်ခုမှ မြန်မာမိန်းကလေးနဲ့မတူဘူး။ တစ်နေ့ကလည်း လူကြီးဖတ်တဲ့နာမည်ကြီး မဂ္ဂဇင်းစာအုပ်မျက်နှာဖုံးတွေတောင် မြန်မာနတ်သမီးပုံက ဂါဝန်ဝတ်ပြီး တရုတ်နတ်မမျက်နှာ၊ ကုလားဘုရားမမျက်နှာတွေနဲ့ ဘာဖြစ်နေကြလဲ မသိဘူးနော်"

သူ၏ချစ်ဇနီးယဉ်ယဉ်တင်ပြချက်ကို ကိုသက်ဝေ လက်ခံလိုက်၏။

သူ၏ ဆေးရောင်စုံခြယ်သော ပန်းချီကားချပ်များနှင့် ယှဉ်တွဲ၍ ပုံပြင်စာအုပ်တစ်အုပ်ကို ထုတ်ဝေရန် ကြိုးပမ်းရေးဆွဲနေ၏။

သူ့ဇနီးသည် ယဉ်ယဉ်သည် အင်္ဂလိပ်မက်သဒစ် ယခုဒဂုံအမှတ်(၁) ကျောင်းဆရာမဖြစ်၏။ သားနှစ်ယောက်ရှိသူ မိခင်အနေနှင့်လည်းကောင်း၊ လူငယ်လေးများ၏ ဆရာမအနေနှင့်လည်းကောင်း ရှုထောင့်အမျိုးမျိုးမှကြည့်ရင်း လူကလေးတို့၏ အနာဂါတ်အတွက်

mgyoe.com

ရင်လေးသောကြောင့် သူ့အကြံဉာဏ်ကို ခင်ပွန်းဖြစ်သူကိုသက်ဝေအား တင်ပြခြင်း ဖြစ်သည်။ ယဉ်ယဉ်၏သားကြီး သက်မင်းနှင့် ဗိုလ်မှူး ဖေသော်၏ သားများသည် တစ်ကျောင်းတည်းဖြစ်၏။ သူတို့နှစ်ဦး သည် အိမ်ထောင်ပြုနောက်ကျ၍ သူတို့သားသမီးများမှာ ဆွေတင် လောက် မကြီး၊ ၅ တန်း၊ ၆ တန်းသမားများသာ ဖြစ်သည်။

တစ်နေ့တွင် ထူးထူးဆန်းဆန်း ကိုသက်ဝေ ပုံပြင်အလိုက် ဆွဲသော ပန်းချီကားချပ်များထဲမှ တစ်ချပ်ပျောက်၍သွားသည်။

သူခိုးခိုးစရာ အကြောင်းမရှိ။ ကိုသက်ဝေသည် အိမ်ဦးခန်းရှိ ပန်းချီဆွဲခန်းတွင်သာ ပန်းချီဆွဲနေလေ့ရှိသည်။ ယဉ်ယဉ်သည် သူ့သား နှစ်ယောက်ကို စစ်ရတော့မည်။ ကလေးများ ကျောင်းဆင်းချိန်သည် တစ်ချိန်စီ ဖြစ်သည်။အကြီးကောင်က ကျောင်းမှမရောက်လာသေး။ အငယ်ကောင်မှာ မိခင်နှင့်အတူ ပြန်ရောက်လာသည်။ သားငယ်၏ ဖြောင့်ချက်ကမူ–

"ဖေဖေ၊ မနေ့က ကိုကိုကြီးရယ် ခင်ဖေဦးနဲ့အတူတူ အဲဒီ ပန်းချီဆွဲတဲ့ အခန်းထဲကို ဝင်သွားတာ သားငယ်တွေ့တယ်"ဟု ဖြောင့် ချက်ပေးသည်။ ခင်ဖေဦးမှာ ဗိုလ်မှူးဖေသော်၏ အကြီးဆုံးသားဖြစ်၍ သူတို့၏သားကြီး မောင်သက်မင်းနှင့် အတန်းတူကစားဘက်များဖြစ် ၏။ သို့သော် သူတို့သားနှစ်ယောက်သည် ပန်းချီဆရာ၏သားများဖြစ် သော်လည်း ပန်းချီပညာကို ဘယ်သူမှ ဝါသနာမပါ။ စစ်ဗိုလ်သား ခင်ဖေဦးကသာ ပန်းချီကို ဝါသနာပါ၏။ ခင်ဖေဦးလာလည်တိုင်း ကိုသက်ဝေပန်းချီဆွဲခန်းထဲကို ဝင်၍ကြည့်တတ်သည်။

"မောင်မောင်ရယ် ဒီကောင်လေးလည်း ယူမယ်မထင်ပါဘူး။ ယူတောင် ပြောယူမှာပေါ့"

"အေးပေါ့ဟယ်"

mgyoe.com

mgyoe.com

သူတို့ လင်မယားနှစ်ယောက်သည် ဘယ်သူ့ကိုမှ မစွပ်စွဲရဲ။ သားကြီးဖြစ်သူ မောင်သက်မင်းကလည်း ပြန်မလာသေး၍ သူတို့ ပန်းချီကားပျောက်အမှု စစ်ဆေးရန် တရားခံ အပြည့်အစုံမရှိဖြစ်နေသည်။ ကျောင်းဆင်းနောက်ကျလျှင်ဖြစ်စေ၊ တစုံတစ်ခုကြောင့် အဆင်မပြေလျှင်ဖြစ်စေ ဗိုလ်မှူးကတော် ခင်သည် သူတို့ကားနှင့် သက်မင်းကို ပို့ပေးတတ်၏။

ဒီနေ့ မိုးချုပ်ခါနီးမှ ခင်သည် ကားလွှတ်လိုက်သည်။ ဒရိုင်ဘာပဲပါသည်။ ဘယ်သူမှ မပါ။

"ဆရာမတို့ လင်မယားနှစ်ယောက်လုံး ဒီကားနဲ့လိုက်ခဲ့ပါတဲ့" ဒါရိုင်ဘာကလည်း ဒါပဲပြောသည်။

သူတို့ လင်မယားနှစ်ယောက်သည် သားငယ် ဝေလင်းကိုပါ ခေါ်ကာ ဗိုလ်မှူးဖေသော် အိမ်ကို လိုက်လာကြ၏။

ခင် အခေါ်လွှတ်လိုက်ခြင်းသည် သူတို့ပန်းချီကားပျောက်မှုနှင့် အဆက်အစပ်ရှိ မရှိကိုမူ လင်မယားနှစ်ယောက်လုံး မသိပေ။ ခင် လုပ်ပုံကလည်း အကြောင်းမပြ၊ ဘာမပြနှင့် လျှို့ဝှက်သဲဖို ဇာတ်လမ်းထဲက ဇာတ်လိုက်ဟန် ဖြစ်နေသည်။

ခင်တို့အိမ် ဆင်ဝင်ဝတွင် ခင်တို့လင်မယားက လက်ခုပ်လက်ဝါးတီးကာ ရယ်ရယ်မောမော ကြိုဆို၏။ တော်ပါသေး၏။ တစ်စုံတစ်ရာ စိတ်ထိခိုက်ဖွယ်၊ ဝမ်းနည်းကြေကွဲဖွယ်ကိစ္စ မဟုတ်သည်ကို ခင်တို့လင်မယား၏ မျက်နှာအမူအရာက ပြ၍နေလေသည်။

"ကဲ၊ လာကြ လာကြ။ ဟောဟိုမှာ တရားခံနှစ်ယောက်"

ဗိုလ်မှူးဖေသော်သည် လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်လျှင် မျက်နှာများ အောက်သိုးသိုးနှင့် လက်ပိုက်ကာ မတ်တတ်ရပ်နေသော ခင်ဖေဦးနှင့် မောင်သက်မင်းတို့ကို တွေ့ကြရ၏။ သူတို့မျက်နှာများ

mgyoe.com


သည် ပြုံး၍လည်းမပြကြ။ စူအောင့်အောင့် လုပ်နေကြသည်။

ခင်က ဧည့်ခန်းတွင် ပန်းချီဆရာလင်မယားကို နေရာမပေး၊ နောက်ဖေး ထမင်းစားခန်းနှင့်ကပ်နေသော အိပ်ခန်းဆီသို့ခေါ်သွားသည်။ ခင် လက်ညှိုးညွှန်ပြရာသို့ သူတို့ ကြည့်လိုက်၏။

လားလား တွေ့ပါချေပြီ။ တွေ့လေပြီ။ သူတို့၏ပျောက်ဆုံးနေသော ပန်းချီကားချပ်။ ပန်းချီကားအောက်တွင် ခင်ဖေဦး၏လက်ရေးနှင့် ကားချပ်နာမည်ကို ရေးထိုးပြထား၏။

"အိပ်ပျော်နေသော နံ့ကောင်ကြီး"

ဗိုလ်မှူးဖေသော်သည် ပန်းချီဆရာ လင်မယားကို ထမင်းစားခန်းသို့ ခေါ်သွား၍ ထိုင်ခိုင်းရင်း ပန်းချီကားချပ်ပြဿနာကို ရှင်းလင်းပြောပြ၏။

"ကိုသက်ဝေရေ၊ ကျွန်တော်တို့ မရှင်းနိုင်တဲ့၊ မကိုင်တွယ်ရဲတဲ့ ပြဿနာကို ကျွန်တော့်သားနဲ့ ခင်ဖျားသားက ပူးပေါင်းဖြေရှင်းလိုက်ကြပြီလေ"

ပြဿနာကို အစအဆုံး မသိသေးသော ကိုသက်ဝေက "ဆိုစမ်းပါဦး"ဟုသာ မေးနိုင်သည်။

"ဒီအိပ်ခန်းက ကိုမြဇော်ရဲ့ သားတော်မောင် ဆွေတင်ရဲ့အိပ်ခန်းခင်ဗျ။ ကျွန်တော်တို့ ရုံးကပြန်လာတော့ ဒီပန်းချီကားကို ဒီအိပ်ခန်းအဝမှာ ဆွဲထားတာ တွေ့တယ်။ ခင်ကသားကြီး မောင်သက်မင်းကို ကျောင်းကပြီးပြန်လာတော့ သက်မင်းကို အိမ်ပြန်မပို့သေးဘဲ ခင်ဖေဦးပါ နှစ်ယောက်ပေါင်းပြီး ပန်းချီကားပြဿနာကို မေးရတယ်။ ခင်ဖေဦးက တစ်တရားခံ၊ သက်မင်းက နှစ် တရားခံ၊ ခင်ဖေဦးက ပြောတယ်။ စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့ဆိုပြီး နှိုးလို့ သူတို့တစ်တွေ လမ်းထလျှောက်ရတယ်။အပြန်မှာ မေမေကို

mgyoe.com

mgyoe.com

ကူပြီး မီးဖိုမှာ ချက်ရတယ်။ ကိုယ့်ပန်းကန် ကိုယ်သိမ်းရတယ်။ အဲဒီ ဖေဖေရဲ့သူငယ်ချင်းသားက ဘာမှ ကူမလုပ်တဲ့အပြင် သားတို့ကို ချော မော့ညာဝါးပြီး ပန်းကန်ဆေးခိုင်းတယ်တဲ့။ မနက်လည်း ရုံးတက်ခါနီး မှ အိပ်ရာထ၊ ထမင်းစား၊ ညနေလည်း ရုံးဆင်းရင် ပင်ပန်းလို့ဆိုပြီး အိပ်နေတယ်တဲ့။ မအိပ်ချင်ရင် လျှောက် လည်ရောတဲ့။ သူပြန်လာချိန် အချိန်မရှိမှာ ထပြီး တံခါးဖွင့်ရတာ အိပ်ရေးလည်းပျက်၊ စာကြည့်လည်း ပျက်လို့ သားကြီးတော့ မကျေနပ်ဘူး။ မေမေ့ကိုပြောတော့ မင်းဖေဖေရဲ့ ဧည့်သည်ကို သည်းခံပြုစုရမယ်ဆိုလို့ ပြုစုနေရတာတဲ့။ သူ သားကြီး တို့အိမ်မှာ ဧည့်သည်မှ မဟုတ်တော့ဘဲ။ အိမ်သားတစ်ယောက်လို ဖြစ်နေပြီပဲ။ နေလာကာ တစ်နှစ်ရှိတော့မယ်။ ဖေဖေကသားကြီးတို့ကို တော့ ဝိုင်းလုပ်ဝိုင်းစားဆိုပြီး အစေခံတောင် မထားဘူး။ ကိုကိုဆွေ သားတို့အပေါ် ဗိုလ်ကျတာကို ကြည့်နေတယ်တဲ့"

ခင်ကော ပန်းချီဆရာ လင်းမယားပါ ရယ်မောလိုက်ကြ၏။ ဗိုလ်မှူးဖေသော်သည် သူ့စကားကို ဆက်ပြော၏။

"ဒါနဲ့သားကြီးက သူမကျေနပ်တာကို သက်မင်းကိုပြောတော့ ခင်ဗျားသား သက်မင်းက အကြံဉာဏ်ပေးသတဲ့လေ။ တို့မေမေပြောတဲ့ ပုံပြင်တွေထဲမှာ ပုရွက်ဆိတ်တွေ အစာရှာဖွေစုဆောင်းချိန်မှာ ကစား ပျော်ပါးပြီး၊ ကျန်တဲ့အချိန်မှာ အိပ်ပျော်ပြီး နေတတ်တဲ့ နံကောင်စိမ်းကြီး ပုံကို ဖေဖေ အခုပန်းချီဆွဲနေတယ်တဲ့။ အဲဒီ ပန်းချီကားချပ်ကို မင်းယူ ပြီး ကိုကိုဆွေရဲ့အိပ်ခန်းဝမှာ ဆွဲထားဆိုလို့ ခင်ဖေဦးက သက်မင်းနဲ့ လိုက်ယူပြီး ချိတ်ထားတာတဲ့ဗျ"

မိဘလေးဦးသည် အားရပါးရ ရယ်မောလိုက်ကြ၏။ ခင်က သူ့ယောကျ်ားစကားဆုံးလျှင် ဆက်ပြောလာ၏။

"အမှန်အတိုင်းပြောရရင် ခင်မပြောရဲ၊ မလုပ်ရဲ၊ မကိုင်ရဲတဲ့
mgyoe.com

mgyoe.com

ပြဿနာကို သားကြီးနဲ့ မောင်သက်မင်းက ဖြေရှင်းလိုက်တာပဲ"

"ဘာကွ"

"ခင် ရှင်းပြမယ်လေ၊ကိုယ့်သားသမီးတွေတောင် အညာမပေးဘူး။ ခင်တို့အိမ်မှာ ကိုယ်ထူကိုယ်ထ စနစ်ပဲ။ အားလုံးအလုပ်ခွဲတမ်းချထားတယ်။ ကိုကိုပဲ အားလုံးအလုပ်ခွဲတမ်းချထားတယ်မို့လား။ စစ်ပုံစံအတိုင်းပဲလေ။ အစေခံ မထားရဘူးဆို။ ခင်ကလည်း လိုလေသေးမရှိ ကိုမြဇော်ကို ပြုစုသလို ကိုမြဇော်မျက်နှာနဲ့ သူ့သားကို ပြုစုပါတယ်။ ဒီသူငယ်ဟာ သာမန်ရိုးရိုး မသိတတ်မျိုးမဟုတ်ဘူး။ ခင်က အိမ်ရှင်မ၊ ခင်ပြောရင် ကိုကိုက ငါ့ရဲဘော်သားကို မင်းက မသဒ္ဓါဘူးလားလို့ဆိုမှာစိုးလို့ ငုံ့နေရတာပဲ"

"ဒါဖြင့် ခင်လည်း ကြံရာပါပေါ့"

"ကြံရာမပါပါဘူး။ မပါလို့ပေါ့။ ရည်ရွယ်ချက် မှန်ပေမယ့် ဦးဦးသက်ဝေမသိဘဲ ပန်းချီကားယူထားတာ သားကြီးတို့မှာ အပြစ်ရှိတယ်လို့၊ ပိုင်ရှင်မသိဘဲ သူတစ်ပါးပစ္စည်းယူခြင်းဟာ သူခိုးပဲလို့ခင်က စွပ်စွဲပြီး ဒီအမှုကို ကိုကို့လက်အပ်တာမို့လား။ သားတို့နှစ်ယောက် ဖေဖေပေးတဲ့အပြစ် ခံရမယ်ပြောလို့ ခု သူ့အဖေပေးတဲ့ဒဏ်ကို ဧည့်ခန်းမှာ မတ်တတ်ရပ်ပြီး ခံနေကြတာလေ။ ၃ နာရီတိတိ စေ့တော့မယ်။ တိုးတိုးလည်းရယ်ကြ၊ ရယ်သံကြားရင် ရောင့်တက်သွားဦးမယ်"

ခင်၏စကား နိဂုံးချုပ်တွင် ကျန်သောသူများ ခပ်အုပ်အုပ်ရယ်ကြသည်။

"ခင်ပြောတာလည်း ဟုတ်တာပါပဲဗျာ။ကိုမြဇော်တစ်ယောက်အင်မတန် စည်းစနစ်ကြီးတာ။ဘယ့်နှယ် သူ့သားနဲ့ကျတော့ ဒါလောက်လွှတ်ထားသလဲ မသိဘူး။ ကိုမြဇော်ခြေဖျားတောင် မမီဘူးဗျာ"

ကိုသက်ဝေစကားဆုံးလျှင် ဆရာမယဉ်ယဉ်က ဆက်၍မိန့်

mgyoe.com

mgyoe.com



ခွန်းပေး၏။

"မိဘတော်တိုင်း သမီးမတော်ဘူး။ ယဉ်ယဉ်တို့ကျောင်းက ကျောင်းအုပ်ကြီးဟာ စာအောင်ချက်လည်းကောင်း၊ စည်းကမ်းလည်းရှိ၊ ၁၀ တန်းကို သူက အတန်းပိုင်။ များသောအားဖြင့် သူ့တပည့်တွေ အောင်ရင် (ဒီ)ပါကြတယ်။ သူ့သားသမီး ၅ယောက်မှ (ဒီ)မပါဘူး။ ခုကိစ္စမှာတော့ ယဉ်ယဉ်က ခင့်ဘက်က"

ဗိုလ်မှူး ဖေသော်နှင့် ကိုသက်ဝေတို့မျက်လုံးပြူးသွား၏။

"ဆိုစမ်းပါဦး" ကိုသက်ဝေသည် ချစ်ဇနီးယဉ်ယဉ်ကို ကြည့်ရင်း မေးလိုက်၏။

"မောင်မောင်လည်း တူတူပါပဲ။ ခင်တို့၊ ယဉ်ယဉ်တို့ကဆိုးတူကောင်းဖက်၊ မောင်မောင်တို့ ဆားနဲ့စားရင်လည်း စားခြင်းပဲ၊မောင်မောင်တို့ ရဲဘော်တွေရဲ့ ဖိနပ်သိမ်းရမယ်ဆိုလည်း သိမ်းရမတတ်နိမ့်ချနေပါတယ်။ ဒါပေမယ့် မောင်မောင်တို့ တစ်ခါတစ်ခါ ခင်တို့၊ ယဉ်ယဉ်တို့ကို ဆက်ဆံပုံကလေ၊ ဂါဝန်ပြာဝတ် ကျောင်းထွက်အရာရှိကတော်တစ်တွေအောက်ခြေလွတ်တဲ့အခါ အော်နည်းမျိုး အော်လားအော်ရဲ့၊ ညှော်သည်ရှေ့ ငေါက်လားငန်းလား၊ ယဉ်ယဉ် သိပ်ရှက်တာပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်"

ခင်က ဝင်ထောက်လိုက်၏။ လင်တော်မောင် နှစ်ယောက်သည် အုပ်၍ ရယ်ကာမှ အသံထွက်သွား၏။

"ခုလည်း ကိုမြဇော်ကို ဘယ်လိုချစ်ချစ်၊ မောင်ဆွေတင်နေပုံထိုင်ပုံ မဟုတ်ရင် ဗိုလ်မှူးဟာ တာဝန်ရှိတာပဲ။ ဆုံးမတဲ့အနေနဲ့ပြောသင့်တယ်။ ကလေးတွေဟာ တစ်ခါတစ်ခါ သူတို့စွတ်ရွတ်လုပ်လို့အမှန်တရား ပေါ်တတ်တာပဲ။ မောင်မောင်တို့ လုပ်နည်းလုပ်ဟန်တွေက ရက်ကန်းသည် ဟန်တွေ"

mgyoe.com

"ဘာ"

ကိုသက်ဝေ မျက်လုံးပြူးကာ မေးလိုက်၏။

"မျက်လုံးမပြူးပါနဲ့ ရှင့်။ ဘုရင်ကြီးနဲ့ရက်ကန်းသည်အကြောင်း မကြားဖူးဘူးလား။ ရှင်ဘုရင်ကြီးကို ရက်ကန်းသည်တွေက ဗလာပုဆိုး ဆက်တော့ ရက်ကန်းသည်တွေရော၊ မှူးမတ်တွေရော ဝိုင်းမလိုက်ကြတာ။ ဘုရင်ကြီး ကိုယ်လုံးတီးဘဝ ရောက်သွားရော။ ဟန်မဆောင်ဘဲ ပြောင်ပြောတတ်တဲ့ ကလေးတွေ ကယ်ပေလို့ပေါ့၊ ဘုရင်ကြီး ပုဆိုးပြန်ဝတ်ဖြစ်တာ"

ယဉ်ယဉ်သည် ဆရာမပီပီ လက်ချာကို ပုံနှင့်ပတ်နှင့်ချက်လက်ကျ ပေးလိုက်၏။

"ကဲ ဒီပန်းချီကားကို မောင်ဆွေတင် အသိဝင်လာသည်အထိ မောင်မောင် လှူထားလိုက်ပါ။ ယဉ်ယဉ်တို့အားလုံး မသိချင်ယောင်ဆောင်နေလိုက်။ သားတို့ ဒဏ်ပေးပွဲ ဆုံးတဲ့အထိ ယဉ်ယဉ်တို့စောင့်နေမယ်လေ။ သုံးနာရီကျော်မှ ပြန်မယ်"

ယဉ်ယဉ် စကားဆုံးလျှင် ကိုသက်ဝေက ဆက်ပြော၏။

"ကျွန်တော် ပန်းချီသင်ချင်လို့ ရန်ကုန်တက်လာစက ဆရာဦးစံဝေ ဇနီးက မနက်စောစောအတွက် ပဲပြုတ်နှင့် ထမင်းကြမ်းကြော်ပြီး ရေနွေးကြမ်းနဲ့ပဲ ကျွေးတယ်။ ပထမစိတ်ထဲမှာ သူ့ပညာလာယူတာ စိတ်ထဲက ပြစ်မှားမိသား။ အဘွားကြီးက ကပ်စီးနဲ့တတ်လို့ပဲ ထင်မိတာ။ နောက် အဘွားကြီးဆေးကုဖို့ တောပြန်တော့ ကျွန်တော်ရယ်၊ ကျွန်တော်နဲ့ ပညာယူဘက် ထွန်းအေးရယ် နှစ်ယောက်သား ဆရာ့ကို ပြုစုဖို့ တာဝန်ယူကျန်ရစ်ကြတယ်လေ။ အဲဒီအခါကျမှ ရန်ကုန်ဆိုတာ ပိုက်ဆံထက် ပဲပြုတ်နဲ့ထမင်းကြမ်းလျော် တစ်ပန်းကန် အိပ်ရာကနိုးနိုးချင်း စားပွဲပေါ်မြင်ရဖို့ဆိုတာ မလွယ်ပါလားလို့ သိရတော့တယ်။

mgyoe.com

mgyoe.com


ပဲပြုတ်သည်နဲ့အပြိုင် မနက် ၅နာရီကို ထရတော့တာပဲ။ ဒီတော့မှပဲ ဆရာကတော်ကြီးကို ကုန်တော့မိတယ်။ သူ့ကျေးဇူးကို အောက်မေ့ပြီး ရှိခိုးရသေးတယ်။ ကိုမြဖော်က စောစောထတဲ့အကျင့် သူ့သားကိုဘာလို့ များ ကျင့်မပေးလိုက်လည်း မသိဘူး"

"မပြောရက်လို့ ဖြစ်မှာပဲ ကိုမြဝေရာ။ ကျွန်တော်လည်း ပါတာပေါ့လေ" ဗိုလ်မှူးဖေသော်သည် နိဂုံးချုပ်လိုက်၏။ ဒဏ်ပေးခြင်း အချိန်သုံးနာရီစေ့ပြီးမှ သားတော်မောင်သက်မင်းကို ခေါ်၍ ပန်းချီဆရာ လင်မယားသည် ဗိုလ်မှူးတို့အိမ်မှ ပြန်လာခဲ့၏။

ခင်ဖေဦးနှင့်သက်မင်းအား ပိုင်ရှင်မသိဘဲ သူတစ်ပါးပစ္စည်း ကိုယူသော အကုသိုလ်အတွက် အပြစ်ဒဏ်ပေးရကြောင်း မိဘလေးဦး က သားတို့ ကျေနပ်အောင်ပြောပြ၏။

သို့သော် သားတို့ရည်ရွယ်ချက်မှာ အမှန်ဖြစ်သောကြောင့် ကုသိုလ်ကံ စေတနာအကျိုးအတွက် သားနှစ်ယောက်ကျေနပ်သည် အထိ မောင်ဆွေတင် သကောင့်သားကို ပညာပေးဆုံးမရန် ၎င်းပန်းချီ ကားကို ဆက်လက်ချိတ်ဆွဲထားခွင့်ပေးကြောင်း သားတော်မောင်တို့ကို ရှင်းလင်းပြောပြလိုက်၏။

ခင်ဖေဦးနှင့် သက်မင်းတို့ ကျေနပ်သွားကြပေပြီ။

* *

mgyoe.com

mgyoe.com

## အခန်း (၂)
## နေကြာထက်သာသူ

သားတို့အုပ်စုက မောင်ဆွေတင် ဝိရိယရှိရန် နံ့ကောင်ကြီးပန်းချီကားချပ်နှင့် ပညာပေးသည့်အတွက် မောင်ဆွေတင်အခြေအနေထူးခြားလာ မလာကို အကဲခတ်လေ့လာကြည့်ရှုရန် ဗိုလ်မှူးဖေသော်၌တာဝန်ရှိ၏။

အဘယ်ကြောင့်ဆိုသော် သူလက်ခံ၍သာ ရောက်လာသောဆွေတင်၏ ဗိုလ်ကျမှုကို သူ့သားများကလည်း မကျေနပ်၊ခင်ကိုယ်တိုင်ကလည်း မကျေနပ်သောကြောင့်ပေတည်း။

သို့သော် ဆွေတင်က မဖြုန်၊ နံ့ကောင်ကြီး ပန်းချီကား သူ့အခန်းဝတွင် ဆွဲချိတ်ထားသည်ကို မြင်မှမြင်မိပါလေစ၊ မြင်လျှင်လည်း ဘယ်သို့သဘောပေါက်မည်ကို မသိနိုင်ပါပေ။ လောလောဆယ်တော့ ညဥ့်နက်မှ ပြန်လာ၏။ မနက် ၇ နာရီခွဲ ဗိုလ်မှူးဖေသော် စစ်ရုံးသို့ ထွက်သွားချိန်တောင်မှ ဆွေတင်တစ်ယောက် မနိုးသေး။ ဆွေတင်နှင့် ဗိုလ်မှူးဖေသော်တို့ တစ်အိမ်တည်းနေသော်လည်း တစ်ယောက်နှင့်

mgyoe.com

mgyoe.com

တစ်ယောက် တွေ့ဆုံဆွေးနွေးပြောဆိုရန် မရဟုဆိုလျှင် ပို၍မှန်ပေမည်။

စနေနှင့်တနင်္ဂနွေအားလပ်ချိန်တောင်မှ မတွေ့မြင်ဟူ၍ဆိုရပေမည်။ များသောအားဖြင့် စနေညများတွင် ဆွေတင်သည်အိမ်ကိုပင်ပြန်မအိပ်၊ ရုံးမှ တောက်လျှောက်သူငယ်ချင်းအိမ်သို့ သွားမည်ဟုခင့်ကိုခွင့်တောင်းကာ သွားတတ်၏။ တနင်္ဂနွေဆိုလျှင်လည်း မိုလ်မှူးဖေသော်တို့ ထမင်းစားပြီး၍ နေ့လယ် တမေးနားချိန်တွင်မှ ပြန်လာတတ်၏။ ထိုအခါ သကောင့်သားသည် ရေမိုးချိုး၊ ခင်က သူ့အတွက်ချန်ထားသော ထမင်းကိုစား၍ သူသည်လည်း နေ့လယ် တရေးအိပ်၏ ။

ဤနေရာ၌ ဆွေတင်သည် ဇနက္ကထက် သာသည်ဟုဆိုရပေမည်။ တကယ်ပါပင်တည်း။ ပင်လယ်ထဲတွင် ဖွဲ့သန်သန်နှင့်ရေကူးကောင်း၍ ဇနက္ကမင်းသားအား မဏိမေခလာနတ်သမီးသည် ဆယ်ယူကာ ကျောက်ဖျာထက်တွင် သိပ်ထား၏။ ကျောက်ဖျာအနားတွင် ဖုတ်သွင်းရထားရပ်သောကြောင့် မင်းလောင်းရှာသူ မှူးမတ်များသည်ကျောက်ဖျာထက်တွင် အိပ်ပျော်နေသော ဇနက္ကမင်းသားကို ဝိုင်း၍ကြည့်ကြ၏။ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့က မင်းသား၏ ကြန်အင်လက္ခဏာကို ကြည့်ကြ၏။ ဘုန်းရှိသော မင်းသား၏ အင်္ဂါနှင့်ပြည့်စုံသည်ကို တွေ့ကြရပေမည်။ သို့သော် ဣန္ဒြေနှင့် သတ္တိကိုစမ်းလိုသောကြောင့် တူရိယာငါးပါးကို ကျောက်ဖျာအနီးတွင် တစ်ပြိုင်နက်ဆူညံအောင် တီးမှုတ်စေသည်။ သတ္တိနည်းသူဖြစ်က ကြောက်လန့်တကြားနှင့် နိုးလာကာ ထလာမည်ဖြစ်သည်။

ဇနက္ကမင်းသားသည် တူရိယာသံများ တစ်ပြိုင်နက်ဆူညံအောင် တီးမှုတ်ပါသော်လည်း လက်ယာနံတောင်းမှ လက်ဝဲနံတောင်း

mgyoe.com

mgyoe.com


သို့ ဖြေးညင်းစွာ လှည့်ပြောင်း၍ အိပ်စက်သေး၏။ အတန်ကြာမှ သူ့အလိုအလျောက် နိုးလာသလို ပကတိနိုးခြင်းဖြင့် ထလာ၏။

ဆွေတင်သည် မင်းလောင်းဟုတ်မဟုတ်တော့မသိ။ ခင်ဖေဦးတို့ လူသိုက် ဝုန်းဒိုင်းနှင့် ခြံထဲတွင် ဘော်လုံးကန်ကြ၊ ကျွက်ကျွက်ညံအောင် အော်ကြ၊ ဟစ်ကြသော်မှ အိပ်ရာမှ မနိုး။ ဘယ်မှညာ၊ ညာမှဘယ်အထိ စောင်းတုန်း လှည့်တုန်းပင်တည်း။

ထို့ကြောင့် တနင်္ဂနွေနေ့သော်မှ မင်းလောင်းဆွေတင်၏ မျက်နှာကို ဗိုလ်မှူးဖေသော်သည် ဖူးမျှော်ခွင့်မရပါပေ။ ဒုတိယပညာပေးစခန်းကို ဗိုလ်မှူးဖေသော်သည် ကျင့်သုံးရပေဦးတော့မည်။

တစ်ညတွင်တော့ ဗိုလ်မှူးသည် ရှုမဝမဂ္ဂဇင်းမှ ဆောင်းပါးတစ်ခုကို ဖတ်မိ၏။ ဤဆောင်းပါးသည် ဆွေတင့်အတွက်ရော၊သားများ အတွက်ရော အသုံးကျပေမည်။ စာရေးသူလည်း သူ့အလွန်သဘောကျသော စာရေးဆရာ တင့်တယ်ဖြစ်၏။

"ကဲဟေ့ ဆွေတင်၊ ဦးလေးသော် မင်းကို ဒီညနေတွေ့ချင်တယ်။ ခင်ဖေဦးတို့၊ ခင်ဖေငယ်တို့နှင့်အတူ စာဖတ်ခန်းထဲမှာ စောင့်နေနော်"

ဒီတစ်ခါတော့ တိုက်တိုက်ဆိုင်ဆိုင် တွေ့ကြရပေပြီ။ ဆွေတင်သည် ခင်ဖေဦးတို့နှင့်စာကြည့်စားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်နေ၏။ ဗိုလ်မှူးဖေသော်လည်း စားပွဲထိပ်တွင် ထိုင်လိုက်သည်။

"တစ်နေ့တစ်နေ့ ဦးလေးသော်မှာလည်း ရုံးအလုပ်၊လူမှုရေးအလုပ်တွေနဲ့ ရှုပ်ပြီးမောင်ဆွေတင်ကိုလည်း မတွေ့ရ။ သားတို့လည်း စာကြည့်ဖို့ကအစ ခင်နဲ့ပဲ လွှတ်ထားရတယ်"

ဆွေတင်သည် ခေါင်းငုံ့၍ နားထောင်၏။

"သားတို့ကိုလည်း ကျောင်းစာအပြင် လူငယ်တွေ ဖတ်ဖို့

mgyoe.com

mgyoe.com


စာအုပ်တွေ၊ ဆောင်းပါးတွေ ရွေးမပေးမိဘူး။ မောင်ဆွေတင်ရော ဝတ္ထုတွေ၊ မဂ္ဂဇင်းတွေ အိပ်ကာနီး ဖတ်သလား"

"ဟုတ်ကဲ့၊ ဖတ်ပါတယ်"

"အေး၊ ဒီလိုဆို ဟောဒီဆောင်းပါး စာရေးဆရာတင့်တယ်ရေးတာ ဖတ်စမ်း။ သူ့ကို မြန်မာစာအရေးအသားဟန်ကိုရော၊ ဖွဲ့နွဲ့ပုံရော ဦးလေးသော် သိပ်ကြိုက်တာပဲ။ ဒီညမောင်ဆွေတင် ဖတ်၊ နက်ဖန်ကျတော့ ခင်ဖေဦးတို့ဖတ်နော်"

"ဟုတ်ကဲ့ပါ"ဟုဆို၍ မောင်ဆွေတင်သည် ဗိုလ်မှူးလက်မှ ရှုမဝ မဂ္ဂဇင်းကို လှမ်းယူလိုက်သည်။ ဗိုလ်မှူးဖေသော်ပြသော တင့်တယ်၏ ဆောင်းပါးကို သူဖတ်ရှုနေသည်။

"လူ့ဘုံလောက နိုးခါစတည့်"

"လူ့ဘုံလောက၊ နိုးခါစတည့်
ချိုးကသံရှည်၊ တောဖွဲ့သီ၍
သည်မှာမြေပြင်၊ မြစိမ်းဆင်လျက်
ကောင်းကင်မိုးဝယ်၊ နီလာခြယ်နှင့်
အိုဘယ့်လူသား၊ နှစ်ရောင်ကြားတွင်
ခန့်ညားပေစွ၊ ခန့်ပေစွ"

(ဇော်ဂျီ)

အချိန်ကား အရုဏ်မတက်သေးချေ။ ထို့ကြောင့် ပတ်ဝန်းကျင်သည် မှောင်တရီရှိ၍ နေဆဲဖြစ်၏။ ကျွန်တော် အိပ်ရာကနိုး၍နေသည်မှာ ဆယ်ငါးမိနစ်ခန့်ရှိပေပြီ။ထမင်းချက်ဆရာကြီး(နောင်စိန်သီး) ညပိုင်းက ဓာတ်ဘူးနှင့်အသင့်ဖျော်၍ ထည့်ပေးထားသော ကော်ဖီတစ်ခွက်ကို သောက်လိုက်ပြီးနောက် ဘန်ကလို၊ ဗိုလ်တဲပေါ်မှဆင်း၍လာခဲ့၏။ နေရာမှာကား မောင်းမကန်ကမ်းခြေတွင် ဖြစ်လေသည်။စော

mgyoe.com

စောစီးစီး နေမထွက်မီသာ မကသေး။ အရုဏ်မတက်မီကပင် ကျွန်တော် ဤသို့ဆင်းလာခဲ့ခြင်းမှာ ကြည့်မြင်လိုခြင်း၊ ရှူရှိုက်လိုခြင်းနှင့် ကြားလိုခြင်းတို့ကြောင့် ဖြစ်၏။ မည်သည့်အရာများကိုနည်း။

ညဉ့်သည် တဖြည်းဖြည်းနှင့် အမှောင်ထုကို ရုပ်သိမ်းကာ ပါးလျားစပြု၍ လာနေပေပြီ။ ကောင်းကင် ကတ္တီပါ နက်ပြာဇိမာန်ကြီး၌ တလက်လက်နေခဲ့ကြသော စိန်ကြယ်ပွင့်ကလေးများသည်လည်း မှိတ်တုတ်၊ မှိတ်တုတ်လုပ်နေကြရင်းကပင် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားစပြု၍ နေကြပေပြီ။ မိုးကောင်းကင်တွင် အရုဏ်ဦး၏ ပဏာမအလင်းရောင်သည် သန်းစပြုလာခဲ့ပေပြီ။ ထိုအလင်းသည်ကား တကယ့်အလင်းရောင် မဟုတ်သေး။ အလင်းရောင်ပေါ်လာပေတော့မည်ဟူသော ရှေ့ပြေးနိမိတ်သာလျှင် ဖြစ်ပေသည်။ အလင်းရောင်ပေလာတော့မည်ဟူသော "ကတိ"ပင် ဖြစ်သည်။ မျှော်လင့်ချက်ပင် ဖြစ်သည်။ အချိန်အခါမျိုး၌ မျှော်လင့်ချက်ဆိုသော စကားလုံး၌ရသသည် ပေါ်လွင်ပြည့်ဖြိုး၍ လာလေသည်။ ကျွန်တော်အိပ်ရာမှထခဲ့၍ မျက်နှာသစ်နေစဉ်က လည်ချောင်းသံ ခပ်အစ်အစ်နှင့် အော်မြည်၍နေသော အမည်မသိ ငှက်ငယ်တစ်ကောင်၏ မြည်သံသည် ယခုအခါ၌ တိတ်ဆိတ်၍ သွားချေပြီ။ ဗိုလ်တဲ၏ ရှေ့၌ရှိသော ခြံဝင်းအစပ် မြက်ခင်းထဲမှာ ပုရစ်တစ်ကောင်၊ နှစ်ကောင်တို့၏ ကရီ ကရီမြည်သော အသံကိုသာကြား၍ နေရ၏။ ပင်လယ်ကမ်းခြေအစပ် သဲပြင်နှင့် ကျွန်တော့်ဗိုလ်တဲ၏ နယ်နိမိတ်ဖြစ်သော တက်စတာရီနာထင်းရှူးလုံးအပင်များနှင့် တဖောင်းပင်များ၏ အကြားတွင် ကျိုးတိုးကျဲတဲဖြစ်၍ ပေါက်ရောက်နေသော ဆူးပင်၊ မြင်ပင်များအပေါ်၌ ငွေနှင်းပေါက်ကလေးများ တင်၍နေသည်ကို ခပ်ရေးရေးမြင်ရ၏။ ခပ်ဆဆ၊ ခပ်သွက်သွက်ကလေး တိုက်ခတ်နေသော လေညှင်းသည် ထင်းရှူးကိုင်း

mgyoe.com

များ၏အကြားတွင် တစ်စုံတစ်ခုကို တီးတိုးစကား ပိုးတဝါးမျှပြောကြား၍ နေသည်ထင်ရ၏။ ထိုလေညှင်းကလေးသည် ဝန်းဝေ့တိုက်ခတ်လာကာ ကျွန်တော်၏ ထွက်သက်၊ ဝင်သက်အဖြစ်သို့လည်း ရောက်လေသည်။ ကျေးငှက်တစ်ကောင်၏ ကြည်လင်စွာ ကျူးလိုက်သောအသံကို ရုတ်တရက်ကြားလိုက်ရပြန်၏။ လန့်၍အော်လိုက်သော အသံမျိုးမဟုတ်။ တမင်ပင် စွမ်းအား ဝီရိယထုတ်၍ အဓိပ္ပာယ်ရှိရှိအော်လိုက်သော အသံကိုပင် "အို ....အချင်းတို့၊ အသူသည် အိပ်စက်နားနေရာမှ နိုးကြားလာခဲ့လေပြီနည်း"ဟု စူးစမ်းကာ နှုတ်ခွန်းဆက်သယောင်ယောင် ထင်ရသည်။ မကြာမီပင် အခြားငှက်တစ်ကောင်၏ ပြန်လှန်ပြောကြားသော အသံကို ကြားရ၏။ ဥသြပေလော၊ ဘုတ်ပေလော။ ယင်းသည့်နောက်တွင်မူ အခြားငှက်မျိုးစုံလေးငါးကောင်တို့ မြည်ကျူးသံကို ကြားရလေပြီ။ ငှက်သဘင် ကျင်းပရန် သံတော်ဆင့်၍ နေလေရော့သလားမသိ။ သို့သော် သူတို့၏ အသံများကား အိပ်ချင်မူးတူး နိုင်လှသည်။ ခြံစပ် ချုံပုတ်များ၏ အကြားတွင် ပေါက်၍နေသော အမျိုးအမည်မသိအပင်အချို့မှာ အပွင့်ဝါကလေးများ ပွင့်နေကြသည်။ ထိုအဝါပွင့်ကလေးများမှ ဝင်လာလေသလော မပြောတတ်။ မသိမသာလေး ထုံသင်းသော ရနံ့တစ်မျိုးကို ကျွန်တော်ရှူရှိုက်မိသည်။ ထင်းရှူးပင်များ၏ ပင်စည်များမှကား မိုးကုပ်စက်ဝိုင်းကို နောက်ခံပြုကာ မည်းမည်းရိပ်ရိပ်ပင် ရှိ၍နေကြဆဲ ဖြစ်လေသည်။

"ဆရာကလေး၊ ဘာပြုလို့ အစောကြီး အိပ်ရာက ထနေတာလဲ"ဟု ထားဝယ်သား ထမင်းချက်ဆရာကြီး နောင်စိန်သီးက မေးတတ်၏။ နောင်စိန်သီးသည် ကျွန်တော့်အား အိပ်ရာထဲ၌ စည်းစိမ်နှင့်တွေး၍ ပင်လယ်လှိုင်းတို့၏ စည်းဝါးမညီမညာသော တေးကို နားအရသာခံကာ မှိန်း၍နေစေလိုသလော၊ သို့တည်းမဟုတ် ကျွန်တော့်ကို

mgyoe.com

mgyoe.com


ရန်ကုန်မှလာသော လူထူးလူဆန်းအနေဖြင့် အံ့သြတကြီး မေးလေသလော။

ကျွန်တော်သည် မည်သည့်နေရာ၊ မည်သည့်အခါ၌မဆိုနေ့တိုင်းပင် စောစောအိပ်ရာမှ ထတတ်သောအကျင့်ရှိပါသည်။ အဘယ်ကြောင့်နည်းဟူမူ ကျွန်တော်သည် ငယ်ငယ်ကလေးကတည်းက၊ ဟိုကျောင်းသားအရွယ်ကစပြီး ဘွားအေကြီး အရုဏ်ဆွမ်းချက်ရန်အိပ်ရာမှ ထလာသောအချိန်တွင် အိပ်ရာကထ၍ စာဖတ်လေ့ရှိခဲ့ပါသည်။ ထိုအကျင့်သည် ယခုထက်တိုင်အောင် စွဲမြဲ၍သဘာဝဖြစ်နေလေပြီ။ အသက်ကြီး၍ လာသောအခါ၌ ဟိုတုန်းကလို ကျွန်တော်စောစောကြီး အိပ်ရာမှထကာ စာအံစာဖတ် မပြုရတော့ပြီ။ သို့သော် အသက်ကြီး၍လာလေလေ၊ လူမှုတာဝန်ကိစ္စတွေက များပြား၍လာလေလေဖြစ်၏။ လုပ်စရာအလုပ်တွေက အသက်ကြီး၍လာသည်နှင့်အမျှ ပို၍ပို၍သာများပြားလာကြ၏။ ထို့ကြောင့် နေ့စဉ်နှင့်အမျှ အချိန်ကိုလု၍လုပ်ကိုင်နေရသည် မဟုတ်ပါလား။ ကျွန်တော်၏ အဖို့၌ ဘယ်အလုပ်ကိုမဆိုသုတ်သီးသုတ်ပျာ၊ ကမန်းကတန်း မလုပ်ချင်။ အေးအေးသက်သာ၊ တွေးတွေးဆဆ လုပ်ချင်သည်။ ချင့်ချင့်ချိန်ချိန်၊ နှိုင်းနှိုင်းဆဆ လုပ်ချင်သည်။ ယခုမျက်မှောက်ခေတ်မှာကား 'သုတ်'သုံးကျမ်း ကျေရသောခေတ် ဖြစ်နေသည်။ ထို'သုတ်သီး သုတ်ပျာခေတ်'ကို ကျွန်တော်မကြိုက်။ သုတ်သီးသုတ်ပျာလုပ်ရခြင်းသည် အလုပ်ကို ရှုပ်စေ၊ထွေးစေသည်။ အစာမကြေ ရောဂါဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်းစသည်တို့သည် ယင်းသည့် 'သုတ်သီးသုတ်ပျာ'ရောလာ၍၊ အခြေခံ၍လာသည်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် အိပ်ရာမှ အစောကြီးထသည်။ စောစောနိုးကာ လုပ်စရာအလုပ်များကို စောစောလုပ်ခြင်းအားဖြင့် ကျွန်တော်သည် သုတ်သီးသုတ်ပျာရောဂါကို ကာကွယ်နိုင်သည်။ ဘယ်အလုပ်

mgyoe.com

mgyoe.com

ကိုမဆို ဖောဖောသီသီနှင့် အေးအေးဆေးဆေးလုပ်နိုင်သည်။ ဥပမာ ကျွန်တော် ဝတ္ထုဆောင်းပါးရေးသည် ဆိုပါစို့။ နံနက် သုံးနာရီလောက်က အိပ်ရာမှထ၍ ရေးသည်သာ များ၏။ နံနက် ၈ နာရီခွဲလျှင် ကျွန်တော်အချိန်တာအားဖြင့် ငါးနာရီလောက် စာထိုင်ရေးပြီးပြီ။စာမူကော်ပီ အဖျင်းဆုံး တစ်ဖောင်စာရေးပြီးပြီ။ထုတ်ဝေသူ၊ စာမူတောင်းသူ၊ စာစီဆရာတို့ ကျွန်တော်၏စာမူကို ရေးရင်းစီ၍ စီရင်းရေးနေစေကာမူ ထိုနေ့အတွက် စာစီစရာ စာမူပြတ်လပ်နေမှာကို မစိုးရတော့။ အားလုံးစိတ်ချမ်းသာကြရပြီ မဟုတ်ပါလား။

ဤသို့ စောစောအိပ်ရာမှထကာ လုပ်စဖွယ်အလုပ်များကို လုပ်ကိုင်ခြင်းအားဖြင့် ကျွန်တော်သည် အခြားသောသူများထက် ငွေကြေးပို၍ မချမ်းသာသော်လည်း အချိန်တွင်ကား ပို၍ကြွယ်ဝချမ်းသာနေလေသည်။ အချိန်ပို၍ ကြွယ်ဝချမ်းသာခြင်းသည် ဘဝ၏ကြွယ်ဝချမ်းသာခြင်းတစ်မျိုးပင်ဖြစ်သည်။ 'အချိန်သည် ငွေဖြစ်သည်'ဟုပင် ဆိုစမှတ်ပြုကြသည် မဟုတ်ပါလား။ အချိန်ကြွယ်ဝချမ်းသာခြင်းသည် ငွေကြေးကြွယ်ဝချမ်းသာခြင်းမဟုတ် ဟူ၍ပင် ထားကြပါဦးစို့။ ကျွန်တော်သည် စောစောအိပ်ရာမှထခြင်းအားဖြင့် တော်ရုံလူထက် အချိန်နှစ်နာရီလောက်ပို၍ ကိုယ်ပိုင်ရှိနေသည်။ ထို့ကြောင့် အလုပ်တစ်ခုကို လုပ်ကိုင်ရာ၌ အေးအေးသက်သာ လုပ်ကိုင်နိုင်သည်။ကရောသောပါး မလုပ်ရဘဲ စေ့စေ့စပ်စပ်လုပ်ကိုင်နိုင်သည်။ ကျွန်တော့်မိသားစုအတွက် အချိန်ပို၍ ပေးနိုင်သည်။ တစ်ခါတစ်ရံ၌ ကျွန်တော့်ဇနီးသည်က ဆွေမျိုးတစ်ဦး၏ မင်္ဂလာဆောင်သို့ သွားရမည်ဆိုပါစို့။ ကျွန်တော်က ဇနီးသည်အတွက် ဈေးဝယ်ပင်သွားနိုင်သေး၏။ ဇနီးသည်တွင်လည်း အချိန်ပိုပိုလျှံလျှံနှင့် ပွဲထိုင်အတွက် ဝတ်စားဆင်ယင်နိုင်ပေပြီ။ သို့မဟုတ်ပါလျှင်လည်း ကျွန်တော်သည် စောစောထခြင်းဖြင့် ကျွန်တော်
mgyoe.com

mgyoe.com

တွေ့လိုသော မိတ်ဆွေများကို သူတို့အိပ်ရာမှ နိုးစ ကော်ဖီသောက်ချိန်တွင် မိအောင်သွား၍ ဖမ်းနိုင်လေသေးသည်။ စောစောအိပ်ရာထခြင်းသည် ကျွန်တော်၏အဖို့တွင်ကား နေ့စဉ်နှင့်အမျှ ရင်ဆိုင်ဖြေရှင်းနေရသော၊ လူ့ဘဝ၏ပြဿနာများကို အေးအေးဆေးဆေးဖြေရှင်းနိုင်စေသော နည်းကောင်းလမ်းကောင်း တစ်ခုပင်ဖြစ်၍ နေပေသည်။

မောင်းမကန် ပင်လယ်ကမ်းခြေကအကြောင်းကိုဆက်၍ပြောချင်ပါသေးသည်။

ကျွန်တော် အိပ်ရာမှထ၍ မျက်နှာသစ်ကော်ဖီသောက်ပြီး ဗိုလ်တဲပေါ်မှ ဆင်းခဲ့သည်မှာ နာရီဝက်ခန့်ရှိ၍ သွားပေပြီ။ ကောင်းကင်ပြာကြီးရှိ ထွက်ပြူနေကြသော ကြယ်ပွင့်ကလေးတို့သည် တဖြည်းဖြည်း ပျောက်ကွယ်သွားကုန်ကြပြီ။ ကျွန်တော်မျက်နှာမူရာ အရပ်မှာကား ဘင်္ဂလားပင်လယ်အော်ကြီးနှင့် မိုးကောင်းကင်တို့ ထိစပ်နေကြသော မိုးကုပ်စက်ဝိုင်းဆီ အရပ်ဒေသပေတည်း။ထိုဒေသဆီ၌ အလင်းရောင်သည် တဖြည်းဖြည်း အင်အားကောင်း၍ လာ၏။ သို့သော်ပို၍လင်းလာပုံမှာ နှေးကွေးလွန်းလှသည်။ ထို့ကြောင့် ကျွန်တော်သည် ထင်းရှူးပင်များ၏ အကြားမှဖြတ်ကာ သောင်ခုံရေစပ်သို့ ဆင်းခဲ့သည်။ ဘယ်တော့မှ မအိပ်တတ်သော ပင်လယ်လှိုင်းတို့သည် ညင်သာစွာ သောင်ပြင်ပေါ်သို့ ပြေးတက်လိုက်၊ ပြန်ဆင်းသွားလိုက် လုပ်နေကြသည်။ ကျွန်တော်သည် ခရုခွံလှလှကလေးတစ်ခုကို သဲထဲမှ ကောက်ယူလိုက်ပြီးနောက် ထင်းရှူးတောတန်းပေါ်က ကျော်ကာ အရှေ့ဘက် ကောင်းကင်ဆီသို့ ကြည့်လိုက်မိပြန်လေသည်။ သဘာဝလောကဓာတ်ကြီးသည် 'အဘယ်လူသား၊ အသင့်အား ကျွန်ုပ်အလင်းရောင်ပေးအံ့'ဟု ကတိထားသည့်အတိုင်း အရှေ့ဘက်ကောင်းကင်တွင် အလင်းရောင်ပို၍ အားကောင်းလာလေပြီ။ ကောင်းကင်ကြီးသည်
mgyoe.com

mgyoe.com


ဝေးလံလှ၏။ မှုန်ရီရီပင် ရှိသေး၏။ သို့သော် မိနစ်နှင့်အမျှ အလင်းရောင်သည် အင်အားကောင်းသည်ထက် ကောင်း၍လာနေချေပြီ။ငှက်ငယ်များ၏ ရင့်ကျူးကြွေးကြော်သော အသံများသည် ယခင်ကလိုကျိုးတိုးကျဲတဲ တစ်ယောက်တစ်ပေါက်မဟုတ်ကြတော့။ ပြိုင်တူလိုလိုစီစီညံညံဖြစ်၍ လာကြပေပြီ။

နေမင်းကြီးထွက်ပေါ်မလာသေး။ နေမင်းကြီးသည် အချိန်ယူကာ တဖြည်းဖြည်းတက်၍ကား လာနေ၏။ နေ့တည်းဟူသော အလင်းရောင်သည် တောင်တန်းထိပ်ဖျားများပေါ်မှ နေ၍ ဝေကနဲ၊ဖြာကနဲ ကျွန်တော်ရှိရာသို့ ကျဆင်း၍ မလာသေးချေ။ လူ့ဘုံလောကနိုးကာစအချိန်သည်ကား လေးလေးဆေးဆေး၊ ညင်ညင်သာသာပင်ဖြစ်၏။ သုတ်သီးသုတ်ပျာမဟုတ်၊ အချိန်ပိုမှန်မှန်ယူသည်။

အရှေ့ရိုးမ တောင်ထိပ်ဖျားတို့၌ နေ၏အလင်းရောင်သည်လာ၍ စွဲငြိကြပေပြီ။ တောင်ပေါ်၌ရှိသော သစ်ပင်များကို မှုန်ပျပျမြင်ရသည်။ ထိုသစ်ပင်များကို နေရောင်ခြည်များလာ၍ ခကြပေပြီ။တောင်ထိပ်ပေါ်က သစ်ပင်များ၌ နေရောင်ခြည်ပက်ဖျန်းနေသောကြောင့်တောင်ရိပ်ကွယ်နေဆဲဖြစ်သော သည်မှာဘက် တောင်စောင်းက သစ်ပင်များမှာ ညိုဆဲမှိုင်းဆဲ၊ မှောင်နေဆဲပင်ဖြစ်ကြလေသည်။ အနိမ့်ပိုင်းဖြစ်သော ကျွန်တော်ရှိရာ ကမ်းခြေ၌ကား နေရောင်ခြည်ကျဆင်းမလာချေ။ သို့သော် နေရောင်ခြည်လာတော့မည်ဆိုသော ရှေ့ပြေးနိမိတ်ကတိကိုကား တောင်ထိပ်များတစ်လျှောက်ရှိ ရွှေဝါရောင်အရည် အနားက ထင်ထင်ရှားရှား ဖော်ပြလျက်ရှိနေပြီ။ ငှက်များ၏ အသံသည်ခေတ္တမျှငြိမ်သက်၍ သွား၏။ အားလုံးတိတ်ဆိတ်ရိပ်ငြိမ်နေပြန်၏။ ငှက်များသည် လင်းအရုဏ်တက်၍ လာသည်ကို အံ့သြရှုမောကာ တွန်ကျူးမြည်ကြွေးခြင်းပြုရန်ကိုပင် မေ့လျော့နေကြလေရော့သလားမသိ။ ထူး

mgyoe.com

mgyoe.com


ဆန်းလှပေသည်။ လေပြေကလေးပင် ငြိမ်၍သွား၏။ ယခင်က ညင်သာစွာ လှုပ်ရှားကြသော ထင်းရှူးကိုင်းတို့ပင် မတုန်မလှုပ်ရှိနေကြပြန်ချေပြီ။ စင်စစ်တွင်ကား နေ့အချိန်သည် ကျွန်တော့်ဆီသို့ရောက်၍လာရန် အားယူနေဆဲပင်ဖြစ်ရပေမည်။

ကျွန်တော့်အား မိတ်ဆွေဆရာဝန်တစ်ဦးက တစ်ခါတွင်ပြောဖူး၏။ သူက 'တစ်နေ့လုံး ခင်ဗျားအလုပ်တွင်တွင်ကျယ်ကျယ်လုပ်ချင်ရင် အိပ်ရာက စောစောထဗျ။ တစ်နေ့တာလုပ်ငန်းကို ခင်ဗျားရင်ဆိုင်ဖို့၊ အစီအစဉ်ချပြီး ပြင်ဆင်ဖို့ နေ့ရဲ့အဦးအစ အချိန်မှာ အချိန်ပိုပြီးရတာပေါ့ဗျာ။ အဲ ခင်ဗျားက အိပ်ရာထ နောက်ကျပြီး အချိန်ကရှေ့ကပြေးနှင့်ရင်တော့ ခင်ဗျားဘယ်လိုပဲ ပြေးလိုက်လိုက် တစ်နေ့အတွက်တာဝန်တွေဟာ အချိန်မီလုပ်လို့ မပြီးတော့ဘူးဗျို့။ ဥပမာဗျာ၊ မီးရထားနဲ့ ခရီးသွားသလိုပေါ့။ မီးရထားနဲ့ ခရီးသွားမယ်ဆိုရင် ခင်ဗျားဟာအနည်းဆုံး နာရီဝက်၊ မိနစ်နှစ်ဆယ်တော့ ဘူတာရုံကို ကြိုပြီးရောက်ရတယ်။ လက်မှတ်ဝယ်ထားရတယ်။ အထုပ်အပိုးတွေကို ပလက်ဖောင်းပေါ်မှာ တွဲပေါ်ကိုတင်ဖို့ အဆင်သင့်ပြင်ဆင်ထားရတယ်။ ဒါမှမီးရထားဆိုက်လာရင် အဆင်သင့်တက်ပြီး စီးလိုက်ရုံပဲဗျ။ ခင်ဗျားကနောက်ကျနေပြီး ရထားက ထွက်သွားရင်တော့ ခင်ဗျား အဲဒီရထားကိုဘယ်နည်းနဲ့မှ လိုက်မမီတော့ဘူးပေါ့ဗျာ။ ရန်ကုန်–မန္တလေးရထားကိုပဲခူး၊ တောင်ငူကဖြတ်ပြီး လိုက်နိုင်တယ်ဆိုပေမယ့် တက္ကစီကချက်ချင်းရဦးမှ။ ပြီးတော့ ပေးရမယ့် ကားခစရိတ်လည်း အဆမတန်ဖြစ်ပေမှာပဲ။ ပြီးတော့ကော စောစောမထမိတာနဲ့ပဲ ရထားမီအောင်ဆိုပြီး သုတ်သီးသုတ်ပျာ ထမင်းကို မျိုချရတာတို့၊ ကသုတ်ကရက် အိမ်ကထွက်ခဲ့ရလို့ ပိုက်ဆံအိတ်တို့၊ ဖိုင်တွဲတို့ မေ့ကျန်ရစ်ခဲ့တာတွေတို့၊ အဲဒါတွေဟာမဖြစ်သင့်ဘဲနဲ့ ဖြစ်ရတာပေါ့ဗျာ။ လူပင်ပန်း၊ စိတ်ပင်ပန်းပဲ မဟုတ်

mgyoe.com

mgyoe.com


လား။ အဲဒီလို ပြေးရလွှားရရင် ခင်ဗျားတို့ရဲ့အလုပ်ခွင်ကိုရောက်တော့ ကော လုပ်စရာရှိတဲ့အလုပ်ကို ကျကျနန၊ ကောင်းကောင်းမွန်မွန်လုပ် နိုင်ပါဦးမတဲ့လား'စသည်ဖြင့် ပြောဖူးလေသည်။

ဤခေတ်၌ အထက်ကဆိုခဲ့သလို 'သုတ်'သုံးကျမ်းကျေ၍နေ ကြရသည်။ မည်သို့ပင်ဖြစ်စေ၊ အချိန်ကာလသည် မှန်မှန်သာသွားနေ ၏။ နာရီချိန်သီးက နာရီစက်မကောင်း၍ မည်မျှပင်မြန်မြန်လွှဲရမ်းနေ စေကာမူ အချိန်တည်းဟူသော စက်ယန္တရားကြီးသည်ကား သူ့သဘာဝ ထက် ပို၍မြန်လည်းမမြန်၊ နှေးလည်းမနှေးပေ။ သို့ဖြစ်လေရာ မနေ့ တုန်းက သုတ်သီးသုတ်ပျာလုပ်ခဲ့ရသမျှတို့ကို မေ့ပျောက်ထားလိုက်ရန် သာဖြစ်ပြီး ယနေ့အဖို့၌ အချိန်စောစော စဖို့သာရှိ၏။ နေ့တိုင်းနေ့တိုင်း သည် လူ့ဘဝကို အေးချမ်းသက်သာစွာ နေထိုင်၍ သွားနိုင်စေရန်အ သစ်အသစ်ဖြစ်၍ လာနေသော အခွင့်အရေးများကို ပေးနေခြင်းပေ တည်း။

အရဏ်တက်ချိန်သည်ကား လူတိုင်း လူတိုင်း၏အဖို့၌ အဖိုး တန်ဆုံးသော အချိန်ပင်ဖြစ်သည်။ ဤအချိန်သည် ယမန်နေ့ကအောင် မြင်မှုများကို စဉ်းစားကာ ယနေ့အဖို့ အားတက်ရွှင်လန်းရမည့်အချိန် ဖြစ်၏။ ဤအချိန်သည်ပင် ယမန်နေ့က မှားယွင်းမှု၊ ချို့ယွင်းမှု၊ လွဲချော် မှုများကို ပြန်လှန်ဆင်ခြင်သုံးသပ်ကာ ယနေ့အဖို့၌ နောက်ထပ် မမှား စေရန် ကြိုတင်စဉ်းစားသတိထားရမည့် အချိန်ပိုင်းဖြစ်လေသည်။ အရဏ်တက်အချိန်သည် ဤနေ့တာအတွက် လုပ်စရာရှိသော အလုပ် များကို ဇယားချရသည့်အချိန် ဖြစ်လေသည်။

နေမင်းသည် အရှေ့ရိုးမ တောင်ထိပ်ဖျားကို ကျော်လွန်၍ တက်လာလေပြီ။ ရှည်လျားသော ရွှေရောင်ခြည်တန်းများနှင့် တူလှ သော နေရောင်ခြည်များသည် ကျွန်တော်၏ ဘန်ဂလိုဗိုလ်တဲခြေရင်းရှိ

mgyoe.com

mgyoe.com

ဗာဒံပင်များအကြားမှနေ၍ ပင်လယ်ကမ်းခြေသောင်ပြင်နှင့် ရေစပ်သို့ ခပ်ရွေရွေ ထိုးစိုက်ကျဆင်းလာကြပေပြီ။ ထင်းရှူးရွက်လုံးများပေါ်၌ နေခြည်ခလေပြီ။ သောင်နှင့်ကုန်းမြေအစပ်က ချုံပုတ်များတွင်လည်း နေခြည်အစက်အပြောက်များ ကျ၍နေသည်မှာ အကွက်အဆင်ကျလှ၏။ ပင်လယ်လှိုင်းထိပ်ဖျား ရေမွှာများ၌ နေရောင်ခြည်စွဲငြိသည့်ခဏတွင် စိန်ကျောက်များကို ကြဲမြှောက်လိုက်ဘိသကဲ့သို့ ရှိနေပေသည်။ နေရောင်ခြည်သည် နိမ့်ရှိုင်းသောနေရာများကို လွယ်ကူစွာ ကျော်လွှားပြီးနောက် ချုံပုတ် ပင့်ကူအိမ်များပေါ်၌ တွဲလွဲခို၍ သီးနေသော နှင်းပေါက်ကလေးများကို ကျောက်မျက်ရတနာများအဖြစ်သို့ ရောက်စေလျက် ရှိပေပြီ။

ငှက်ငယ်များ၏ အသံသည် ပြန်လည်ဆူညံလာကြပြန်ရာ ကမ်းခြေတစ်ဝိုက်သည် စိုပြေသာယာ၍ လာပြန်ချေသည်။လေကလေး ပြန်၍ ညှင်းကြွလာသဖြင့် ထင်းရှူးပင်များ၌ တီးတိုးလေသံကလေးများ ပြန်၍ခပ်သဲ့သဲ့ကြားရပြန်လေသည်။

နေမထွက်မီ နံနက်စောစော အိပ်ရာမှနိုးထ၍ နေရခြင်း၏ အခြား ကျေးဇူးတစ်ရပ်မှာကား မိမိတစ်ကိုယ်တည်း မိမိကိုယ်ကိုမိမိ ပြန်လည်တွေ့ဆုံရခြင်းပင် ဖြစ်လေသည်။အရုဏ်တက်အချိန်၌ အိပ်ရာမှနိုးလာသောအခါ တစ်ဦးတည်းသော အဖော်မှာကား မိမိကိုယ်တိုင်ပင် ဖြစ်သည်။ အခြားသူများက မိမိ၏အရုဏ်တည်းသို့ ဝင်၍မလာကြသေး။ ဤအချိန်သည်ကား စိတ်နှလုံးအအေးချမ်းဆုံး၊ အအေးချမ်းရဆုံး အချိန်ပေတည်း။ တစ်ဖန် အရုဏ်တက်အချိန်သည်ကား နုနယ်ပျိုမြစ်ခြင်း၏ သဘောကို ဆောင်သည်။ အရုဏ်တက်အချိန်၌ အိပ်ရာမှ နိုး၍ နေရချိန်တဒင်္ဂသည် အသက်နှစ်ဆယ်အရွယ်သို့ ခေတ္တပြန်၍ ရောက်ခြင်းနှင့် ပမာတူလှစွာသည်။

mgyoe.com

mgyoe.com

အသက်နှစ်ဆယ်အရွယ်တွင် လောကကြီးတစ်ခုလုံး၌ မိမိအဖို့ ဣစ္ဆာသယလိုတိုင်းရမည်ဟူသော မျှော်လင့်ချက်ရှိသလို အရဏ်တက် အချိန်တွင်လည်း ဤနေ့အဖို့၌ မိမိမည်သည့်အလုပ်များကို အောင်မြင်စွာ စွမ်းဆောင်နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်သည် ရှိ၍နေလေသည်။အရဏ်ဦးအချိန်သည်ကား အံ့သြဖွယ်ကောင်းလေစွ။

ဤသို့လျှင် ကျွန်တော်သည် မောင်းမကန်ကမ်းခြေ၌ အရဏ်တက်အချိန်၏ သဘောကို စဉ်းစားရင်း မတုန်မလှုပ်ရပ်၍နေမိလေသည်။ နေထွက်၍ လာခဲ့သည်မှာ ယခုအချိန်အထိဆိုလျှင် နာရီဝက်ခန့်ပင် ရှိလေရော့သလား မသိ။ ကမ္ဘာမြေပြင်သည်ကား နေရောင်ခြည်တည်းဟူသော အံ့ဖွယ်ကမ္ဗလာဖြင့် လွှမ်းခြုံထားခြင်း ခံရစပြုလေပြီ။ ကျွန်တော်သည် နေ့၏ အဦးအစ၌ နိုးကာစဖြစ်၍ နေ၏။ ကျွန်တော်၏ ရှေ့ဝတ်စ်လျှောက်လုံး၌ တစ်နေ့တာတည်းဟူသော အဖိုးတန်ကာလသည် တဖြည်းဖြည်းရောက်ရှိ၍ လာနေ၏။ ထိုနေ့သစ်ကို ကျွန်တော်ယခင်အခါက တစ်ခါမျှ မတွေ့ကြုံဘူးခဲ့သေး။ ဤနေ့သစ်သည် ယခုဆိုက်ရောက်လာနေချေပြီ။ ဤနေ့သစ်၏ အဦးအစဖြစ်သော အရဏ်ချိန်ကို ကျွန်တော်တွေ့မြင်ခံစားရဖူးချေပြီ။ဤတစ်နေ့တာ အချိန်တည်းဟူသော ကာလအား သဘာဝက ဖန်ဆင်း၍ ပေးလိုက်ပုံကို ကျွန်တော်မျက်မြင် ကိုယ်တွေ့ဖြစ်ခဲ့ရလေပြီတကား။

"လူ့ဘုံလောက နိုးခါစတည့်"

တင့်တယ်

ဗိုလ်မှူးဖေသော် ပေးထားသော ရှုမဝမဂ္ဂဇင်းကို သားခင်ဖေကြီး လက်ထဲမှ ဗိုလ်မှူးပြန်လည်ရရှိ၏။ မောင်ဆွေတင် ထိုဆောင်းပါးအပေါ် ဘယ်လိုသဘောထားသည်၊ ထိုဆောင်းပါးကို ဖတ်ပြီးမှ

mgyoe.com

mgyoe.com



သင်ခန်းစာယူ မယူ ဘယ်လိုမှ မသိရသေးပေ။

ယခုခေတ်တွင် ဆရာသမားတို့က ဆိုမိန့်ထား၏။ လူငယ်များ၊ ကလေးများကို ဖတ်စရာစာအုပ်များ၊ ဖတ်သင့်သောစာများကိုသာ ရွေးချယ်၍ ပေးပါ။တိုက်ရိုက် မဆုံးမပါနှင့်၊ အတုံးလိုက်၊ အတစ်လိုက်၊ ပညာမပေးပါနှင့်ဟု ဆို၏။ ထို့ကြောင့် မောင်ဆွေတင်အား ဗိုလ်မှူးက တိုက်ရိုက်မပြော၊ မြန်မာစာကောင်း၍ ဆွေးနွေးလိုဟန်နှင့်သာ စာဖတ်ခိုင်းထား၏။

ဤပုံကို ထောက်ရှု၍ဟူသော ဒေါင်းဖတ်စာအုပ်မှ စကားလုံးများကို မသုံးသေး။ အမှန်တော့ "ဒီဆောင်းပါးကို ဖတ်ပြီးရင် မနက်စောစော အိပ်ရာကထချင်စိတ် မပေါ်ဘူးလား။ အရုဏ်တက်ရဲ့ အလှကို ကြည့်ချင်စိတ် မပေါ်ဘူးလား။ တစ်နေ့လောက် ထကြည့်ပါလား"ဟူ၍ ဗိုလ်မှူးက ပြောချင်လှ၏။သို့သော် ပညာရှိ မောင်ဆွေတင် ဘာတစ်လုံးမျှ စကားမဆို။ မြန်မာစာတစ်ပုဒ် အနေနှင့်၊ အသုံးအနှုန်း အဖွဲ့တစ်ဖွဲ့အနေနှင့်လည်း ဘာတစ်လုံးမျှ မပြောလာ၊သင်ခန်းစာယူ မယူကိုလည်း မဖြေပါသောကြောင့် ဗိုလ်မှူးသည် သက်ပြင်းချမိ၏။ စာပေဆွေးနွေးပွဲတစ်ခုကို ရက်သတ်မှတ် ချိန်းဆို၍ တင်ပြဆွေးနွေးရမည့် အတတ်ဖြစ်သည်။

ခင့်ကို သူ၏ပညာပေးပုံပေးနည်း မပြောရဲသေး။ ပြောလိုက်လျှင်–

"ကိုကို ကို ရှည်တယ်။ ဟော့ကောင်ဆွေတင် မနက်စောစော ထကွာ၊ ခင်ဖေဦးတို့အတူ ဦးလေးသော် လမ်းလျှောက်ရင် လိုက်ခဲ့ကွာလို့ ပြောရင် ပြီးမယ့်ကိစ္စ"ဟူ၍ ခက်ကသူ့ကိုပြန်ပက်မည်။

"ငြိမ်ခံနေပါတယ်။ နာခံပါတယ်ဆိုတဲ့ သားကြီးတို့ကျတော့ တကတဲ ညဉ့်ကဘယ်အချိန်မှ စာကြည့်ပြီးလို့ ကလေးတွေအိပ်ရတယ်

mgyoe.com

mgyoe.com


ဆိုတာတောင် မမေး။ မိုးမလင်းသေးဘူး၊ သူ ထရင် ကလေးတွေလည်း ထရ၊ ခင့်ကိုလည်း အိမ်ဖော်မထားနဲ့ခင်ရယ်၊ သားတို့ကိုပဲ ခိုင်း၊တော်ကြာ ဒီကောင်တွေ ရေသာခို အပိုးမကျိုးတဲ့ စိတ်တွေဝင်လာမှာနဲ့ ပြောရတာအမော။ တကယ့်ကို ပုံစံနဲ့၊ ပေတံနဲ့ပဲ။ ခင်တို့၊ သားကြီးတို့ အပေါ် ကိုကို တင်းကြပ်သမျှ အဲဒီဆွေတင်ကို ကိုကိုဘာဖြစ်လို့ ဝက်အူ လျှော့ထားရတာလဲ။ တော်ကြာနော်၊ ဝက်အူ လုံးဝတက်လို့မရတော့တဲ့ အဖြစ်ရောက်မှ အဖေကယ်ပါ၊ အမေကယ်ပါနဲ့။ လမ်းပေါ်မှာ တေလေ အဖြစ်နဲ့ တစ်စစီကောက်ယူရမှာ"ဟူ၍ ခင်က ခဏခဏပြောဖူးသည်။

လောလောဆယ်တော့ ဆရာတင့်တယ်၏ဆောင်းပါးမှာ ဆွေတင့်အတွက် ဘယ်ကဲ့သို့ ဂယက်ရိုက်သည် မသိသေး။ သူ့မှာ တော့ စစ်သားရဲဘော် ဘဝကတည်းက နံနက်ဆည်းဆာကိုလည်း တောင်တန်း၊ တောင်ရိုပ်များပေါ်တွင် တွေ့နေကျ။ ညနေဆည်းဆာ အလှကိုလည်း တောအုပ်စိမ်းစိမ်းတွင် နေလုံးနီနီကြီး ချိတ်ဆွဲထားပုံကို လည်း ငွေဇိုင်းဖြူငယ်များနှင့်အတူ နှုတ်ဆက်နေကျ။

သို့ပါသော်လည်း ဆရာ့ဆောင်းပါးဖတ်ပြီးမှ ပတ္တမြားနှင့်ရွှေ စင်သစ် မွမ်းမံခြယ်သထားပါသော နံနက်ဆည်းဆာ၏ သရဖူအလှကို ခါတိုင်းထက် သတိထားကြည့်ရသည်မှာ အမောပါပင်တည်း။

ခင်ဖေကြီးတို့ကိုလည်း "သားတို့ကြည့်စမ်း၊ ဖေဖေဖတ်ခိုင်း တဲ့ ရှုမဝမဂ္ဂဇင်းထဲက တင့်တယ်ရေးတဲ့ ဆောင်းပါးထဲမှာပါတဲ့အရဏ် ဦးနဲ့အလှကို သေသေချာချာကြည့်ကြဟေ့။ ဆရာဟာတော်တယ်နော်၊ မြင်ပုံစေ့စပ်လိုက်တာ"ဟု သားများကိုပြောရသည်မှာ အမော။

ယခုမှ တစ်ခါသောအချိန်က ခင်နှင်းယု၏ ကိုယ်တွေ့ ဆောင်းပါးတစ်ခုကို သတိရမိ၏။ သူ့ကိုယ်တွေ့ကို ဗိုလ်မှူး ယခုမှယုံ ၏။ ခင်နှင်းယုသည် ငယ်စဉ်ဆံတောက်ပင်မသိမ်းသေး၊ ဆံရစ်ဝိုင်း

mgyoe.com

mgyoe.com


လေးနှင့်တုန်းက ဗန်းမော်တင်အောင်၏ ဝတ္ထုတစ်ခုကို ဖတ်သည်ဟု ဆို၏။ ထိုဝတ္ထုထဲတွင် ဗန်းမော်တင်အောင်သည် နှင်းစက်များစိုရွှဲနေသော ငှက်ပျောရွက်နှင့် ကြေးနီရောင် လခြမ်းတို့၏ သန်းခေါင်ယံအလှကို ဖွဲ့နွဲ့ထား၏။ ဗန်းမော်တင်အောင်သည် ငယ်ရှယ်မြပျိုချိန် စိတ်ကူးနှင့် ဖွဲ့ထားသော စာရွက်ပေါ်မှစာလုံးများ၏ အလှပေပဲလား။ တကယ်ပေပဲလားဆိုသည်ကို ခင်နှင်းယု သိလိုလှ၏။

သူမြင်ဖူးသည်မှာ ကောင်းကင်ပြာထက်တွင် ငွေဘော်လုံးလမင်းနှင့်ငွေမှုန်နှင်းတို့ကိုသာ မြင်ဖူး၏။ ကြေးနီရောင် တောက်သောလကို မမြင်ဘူး။ ထို့ကြောင့် ခင်နှင်းယုသည် သန်းခေါင်ယံညဥ့်အနှောင်းပွင် ထ၍ ကြေးနီရောင်လကို ကြည့်သည်ဟု ဆိုသည်။ထိုအခါမှ ဗန်းမော်တင်အောင်သည် စိတ်ကူးယဉ်သက်သက်ရေးသည်မဟုတ်။ သန်းခေါင်ယံ နှောင်းချိန်တွင် ကြေးနီရောင်တောက်သော လကိုမြင်၍ တကယ်ဖွဲ့နွဲ့ထားသည်ကို သိရသည်ဟု ဆို၏။ လမင်းသည် တစ်ခါတစ်ခါ ငွေရောင်ဖြာ၍ တစ်ခါတစ်ခါ ရွှေရည်သစ်များကို ညဥ့်သစ်ရွက်များပေါ်တွင် သွန်းချတတ်၏။ တစ်ခါတစ်ရံတွင်တော့ ကြေးနီရောင်ဖြင့် ညဥ့်ကို အလှဆင်တတ်သည်။

ယခုလည်း ဗိုလ်မှူးသည် ရဲဘော်လေးဘဝ ကင်းစောင့်တာဝန်ကျကတည်းက နံနက်အရုဏ်ကို မြင်ဖူး၊ တွေ့ဖူးပါလျက်နှင့် ယခုအရွယ်နှောင်းချိန် စစ်ရုံးချုပ်ကြီးတွင် နေရချိန်၌ ဆရာတင့်တယ် ဆောင်းပါးဖတ်ပြီးကတည်းက အရုဏ်ဦးသစ်ကို လွဲမသွားအောင် ခါတိုင်းထက် စောစောထ၍ ကြည့်မိ၏။

အော် ...သူ့မှာတော့ သူ့ရဲဘော်လောက် အရွယ်ရှိသော ဆွေတင်ကို အရုဏ်ဦးသစ်ကို စောစောထကြည့်ရန် စည်းရုံး၍မရသေး။

mgyoe.com

mgyoe.com


ရဲဘော်များ ဖိုးအေဟု ဆိုလောက်သော သူ့ကိုမူ ဆရာတင့်တယ်သည် ဆောင်းပါးစာတစ်ပုဒ်ထဲနှင့် အောင်မြင်စွာ စည်းရုံး၍ ရသွားပြီတကား။

* *

mgyoe.com

mgyoe.com

## အခန်း (၃)
## ဆယ်သော ကန်သင်း

"ကျွန်မ ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ဗိုလ်မှူးကို လာပြီး တိုင်ပင်တာပါ"ဟု နိဂုံးစကားကို မလှကြင်သည် ဖြည်းညင်းစွာ ပြောပြလိုက်၏။ ဗိုလ်မှူးဖေသော်သည် ငြိမ်သက်စွာ နားထောင်နေရာမှ ပင့်သက်ကို ရှူလိုက်၏။ ယနေ့မှာ တနင်္ဂနွေနေ့ဖြစ်၍ ရုံးမတက်ရ၊ စောစီးစွာ လမ်းလျှောက်ပြီး၍ ဆင်ဝင်ခန်းမတွင် ထိုင်နေဆဲမလှကြင်မှာ သူ့ထံသို့ရောက်လာခြင်းဖြစ်၏။

အခြားဧည့်သည်သာဖြစ်လျှင်တော့ ၇ နာရီမထိုးခင်ရောက်လာသော ဧည့်သည်ကို အလိုက်မသိတတ်ကောင်းလားဆို၍ ကြည့်ရှောင်ကာ တော်ရာတွင် သွားနေလိုက်မည်ဖြစ်သည်။ ယခုတော့ မလှကြင်ကို မရှောင်ရက်၊ မရှောင်နိုင်။ မလှကြင်သည် သူ့ထက်ရာထူးကြီးသော ဗိုလ်မှူးကြီးကတော်လည်းမဟုတ်၊ လိုင်စင်ခေတ်ယောင်း သူဌေးလည်းမဟုတ်၊ ခေတ်သစ် မှောင်ခိုသူဌေးလည်းမဟုတ်၊ ပညာတတ် အရာရှိတစ်ဦးလည်း မဟုတ်၊ အလုပ်တစ်ခုခု တောင်းခံရန်လာသူလည်း မဟုတ်ပါပေ။

mgyoe.com

mgyoe.com


"ခင်ဖေဦးရေ၊ ကော်ဖီတစ်ခွက်လည်း ယူခဲ့။ ပြီးတော့ မင်းမေမေကိုလည်း အိမ်ရှေ့ကို ထွက်လာခဲ့ပါဦးလို့ ပြောလိုက်"

လှည့်ရောင်သွား၍ မဖြစ်ရုံမက နံနက်စာ တစ်ခုခုနှင့်ဧည့်ခံရပေဦးမည်။ မကြာခင် ကော်ဖီတစ်ခွက်ကို ခင်ဖေဦးက လာချပေး၏။

"မေမေ ခုပဲ လာလိမ့်မယ် ဖေဖေ"

"အေး၊ မေမေ ဒီမှာစကားပြောနေတုန်း၊ မင်းတို့ မီးဖိုထဲမှာ လုပ်စရာရှိတာတွေ လုပ်ထားနှင့်နော်"

"ဗိုလ်မှူးကတော် အလုပ်များနေတယ်ထင်တယ်"

"အို ...သူလည်း မင်းကိုတွေ့ရရင် ဝမ်းသာမှာပဲ။ ကဲကော်ဖီလည်း သောက်ဦး" မလှကြင်သည် ကော်ဖီတစ်ခွက်ကို မယူသောက်လိုက်၏။

"ဟယ် မလှကြင်ပါလား။ ပျောက်ချက်သား ကောင်းနေလိုက်တာ။ အတော်ပဲ အတော်ပဲ။ အေးအေးဆေးဆေးမှ ပြန်"

ခင်သည် အိမ်ထဲမှထွက်လာလာခြင်း ဝမ်းသာအားရနှုတ်ဆက်၏။

"ခင်တို့ တနင်္ဂနွေနေ့မို့ မုန့်ဟင်းခါး ချက်စားမလို့ စားသောက်ပြီးမှ ပြန်နော်။ ကလေးတွေရော နေကောင်းတယ်မို့လားမလှကြင်။ ဒီမှာနေတုန်းကလို မဟုတ်ဘူး။ နည်းနည်းကိုယ်ရည်စစ်သွားသလားလို့"

"ဟုတ်ပါတယ် မမခင်ရယ်၊ ဒီမှာနေတုန်းက ကိုယ်သာပင်ပန်းတာ စိတ်မပင်ပန်းဘူးလေ။ ခုတလော စိတ်ပင်ပန်းတာက ဆွဲယူပစ်လိုက်သလိုပဲ။ ကလေးတွေက နေကောင်းတယ်။ သမီးဦးတောင်အိမ်ထောင်ကျပြီ"

"ဟင် မလှကြင်ကလည်း၊ သမီးကို နေရာချတာ မစောဘူး

mgyoe.com

mgyoe.com


လား။ ပိန်သွားတာကော မောင်အေးအရက်ပြန်သောက်လို့လား။ ကိုကို နဲ့ တစ်ခါတွေ့တုန်းက ကျွန်တော်မသောက်တော့ဘူးလို့ ပြောတယ်ဆို ပဲ"ခင်သည် မေးခွန်းတသီကြီးကို မေးလိုက်၏။ မလှကြင်သည် သောက်ပြီးသော ကော်ဖီပန်းကန်ကို ချလိုက်၏။

"သူ့သာ အရက်သောက်ရင်ဖြစ်ဖြစ်၊ ပြန်ပြီး တေချင်သေး တယ်ဆိုရင်ဖြစ်ဖြစ် ကျွန်မ ကွာလိုက်ရုံပဲ ခု ခုအပြစ်က"

ကျလာသော မျက်ရည်ကို သုတ်ရင်း မလှကြင်သည် စကား ကို မဆက်နိုင်တော့ပေ။ ဗိုလ်မှူးကို ပြောပြပြီးသော သူ့အကြောင်းကို ထပ်မံ၍ ခင့်ကို ပြောပြရန်အားမရှိသလိုဖြစ်နေတော့သည်။ အလိုက်သိ သော ဗိုလ်မှူးက ခင့်ကို မျက်ရိပ်ပြလိုက်၏။

"ဗိုလ်မှူးကိုသာ မေးကြည့်ပါတော့လေ"ဟု မလှကြင်က ဆို ၏။ တကယ်တော့ မလှကြင်သည် သူပြောချင်၊ ဆွေးနွေးချင်သော အကြောင်းများကို မီးဖိုဆောင် တံခါးမှဝင်ကာ ခင့်ကိုအရင်ပြောသင့် သည်ကို မလှကြင်သိပါ၏။ သို့သော် ဤအိမ်၏စနစ်ကို အတူနေစဉ် က သိသောမလှကြင်သည် အိမ်ရှေ့တံခါးဝမှဝင်ကာ တိုက်ရိုက်ပင် ဗိုလ်မှူးကို ပြောပြရ၏။

"တို့များအိမ်မှာ မီးဖိုပေါက်ကဝင်တဲ့ ထုံးစံမရှိရဘူး။ ငါ့ ရဲဘော်တွေဖြစ်ဖြစ်၊ ငါ့မိတ်ဆွေတွေဖြစ်ဖြစ်၊ အလုပ်ကိစ္စနဲ့ပတ်သက်တဲ့ သူတွေဖြစ်ဖြစ်၊ အိမ်ရှေ့ပေါက်ကပဲ ဝင်ရမယ်။ ကိုကိုနဲ့တိုက်ရိုက်တွေ့ မယ်။ ကိုကိုမရှိရင် ရုံးကိုလွှတ်ပါ"

ထိုစကားသံများကို ခဏခဏကြားရဖူးသော မလှကြင်သည် ယခုနံနက်လာလာချင်း အဆင်သင့်တွေ့ရသော ဗိုလ်မှူးကို ဆင်ဝင် အောက်တွင်ပင် စကားပြောဆိုရ၏။ ကိုယ်ရေးကိုယ်တာကိစ္စများမြောင် လာသော ဤလူ့ဘောင်တွင် တစ်ခါတစ်ခါ တချို့လူများကို မတွေ့ချင်၊

mgyoe.com

mgyoe.com

မမြင်ချင်လောက်အောင် ဗိုလ်မှူးဖေသော်သည် စိတ်ရှုပ်ပါသော်လည်း မလှကြင်ကိုတော့ အထူးလက်ခံတွေ့ဆုံရသည်မှာ မလှကြင်သည် သူ့ရဲဘော်မောင်အေး၏ ဇနီးဖြစ်သောကြောင့်တည်း။

ပြီးတော့ မလှကြင်ကို အထူးလေးစားရသည်က မလှကြင်သည် ရဲဘော်မောင်အေးထက် သတ္တိကောင်း၏။ ခင်ကလည်း မလှကြင်သတ္တိကို သိရှိပါသောကြောင့် ဘယ်နေရာမှာပင်တွေ့တွေ့ ဝမ်းပန်းတသာ နှုတ်ဆက်ရသည်။ အရေးပေးရသည်။

ယခု ကိစ္စမှာလည်း မလှကြင်ပြောသလိုပင် ရဲဘော်မောင်အေးသည် အရက်သောက်မြဲသောက်၍ ယခင်ကလို တေချင်၊ ပေချင်သေးလျှင် မလှကြင်သည် ကွာပစ်နိုင်လောက်အောင်ကို သတ္တိရှိ၏။ မောင်အေးသည် သောက်ချိန်မှာ သောက်၍၊ ပေချိန်မှာ ပေပါသော်လည်း တိုက်ပွဲပေါင်းများစွာတွင် ဗိုလ်မှူးဖေသော်အပါးမှ ယှဉ်တွဲ၍ သစ္စာရှိစွာ ထမ်းဆောင်ခဲ့သောရဲဘော်ဖြစ်၍ မောင်အေးတပ်က ထွက်သည်အထိ နေရာထိုင်ခင်း အလုပ်အကိုင်နေရာမကျသေးခင် ဗိုလ်မှူးဖေသော်က အိမ်မှာအတူ နေခွင့်ပြုသည်။

မလှကြင်ကို မောင်အေးယူပြီး တစ်နှစ်လောက်အတူတူနေပြီးမှ ဤအိမ်ရိပ်မှ ထွက်ခွာသွားကြခြင်းဖြစ်၏။ ထို့ကြောင့် မလှကြင်သတ္တိကို ဗိုလ်မှူးဖေသော်တို့ ဇနီးမောင်နှံသိရှိရခြင်းဖြစ်သည်။

မောင်အေးတို့ လင်မယား ဗိုလ်မှူးအိမ်နောက် တန်းလျားတွင် နေစဉ် အိမ်နီးချင်းများနှင့် ခင်၏။ မိတ်ဆွေများအပ်သည့် အင်္ကျီများကို မလှကြင်သည် လက်ခံချုပ်၏။ ခင် ခေတ္တပေးထားသော စက်ကိုအသုံးပြုရုံမက တကယ့်တရုတ်စက်ချုပ်သမားထက်ပင် လက်ချုပ်ချုပ်ရာ၌လည်း ချုပ်ရိုးသေသပ်၍ မလှကြင်ကို အံ့သြကြသည်။

မလှကြင်သည် သူ့အား ယခုအခါ ထမင်းကျွေးပြီဖြစ်သော

mgyoe.com

m
ဤအပ်ချုပ်ပညာအတွက် သူအပျိုပေါက်စက နေခဲ့ရသော တရုတ်ခြေသေးမကြီးကို အမြဲသတိရကျေးဇူးတင်မိ၏။

သထုံဈေးကြီးတွင် ခြေသေးတရုတ်အဘွားကြီး၏ သားများက အထည်ဆိုင်ဖွင့်၏။ ချွေးမများက အိမ်တွင် စက်ချုပ်သည်။ တရုတ်အဘွားကြီးသည် တရုတ်အမျိုးသမီးပီပီ ခြေသေးပေမယ့်သူ့အလွန်အလုပ်လုပ်သည်။ ချွေးမများ စက်ချုပ်ချိန်တွင် မလှကြင်သည် အဘွားကြီးနှင့်အတူ မီးဖိုတွင် ထမင်းကူချက်၍ ကျန်အချိန်တွင် အဖွားကြီး၏ ခြေများကို ထိန်းရသည်။

"မကြင် ညဘက်မအိပ်ခင် အင်္ကျီချုပ်သင်ပေးပါလား"ဆို၍ အဖွားကြီးသည် သားများဆိုင်မှ ပိတ်တိုပိတ်စ အပိုများကို ကိုက်ညှပ်၍ အင်္ကျီအကိုက်သင်သည်။တစ်စ တစ်စ မလှကြင်သည် သူ့ချွေးမများနှင့်အတူ အင်္ကျီကော်ကပ်၊ စက်ချုပ်၊ လက်ချုပ်ကအစ ကြယ်သီးတံကွင်းတတ်၊ အသီးတတ်များကိုပါ ချုပ်တတ်လာသည်။

လူငယ်စိတ်နှင့် တစ်ခါတစ်ခါ ငြီးငွေ့လာလျှင် အဖွားအိုကို စိတ်တိုမိသော်လည်း တစ်ကြိမ်တစ်ခါက တွေ့ခဲ့ရသော တရုတ်အဖွားအို၏ ကျေးဇူးဖြင့် ယခုသော် သူထမင်းဝဝစားရချေပြီ။

မောင်အေးတို့ တပ်ရင်း(၅) သထုံတွင် အခြေစိုက်ချိန်တွင် မလှကြင်သည် မောင်အေးကို တွေ့ခဲ့ရ၏။

ခင် မလှကြင်ကို ချစ်သည်က နံနက်စောစော မောင်အေးကိစ္စ၊ အိမ်ကိစ္စအပြီးတွင် မလှကြင်သည် မျက်နှာတွင် သနပ်ခါးရေကျဲလူး၍ ပြီးချေပြီ။ နှုတ်ခမ်းနီကိုလည်း ရဲရဲနီအောင် ဆိုးတတ်၏။ ရှည်လျားနက်မှောင်သော ဆံပင်ကို သပ်သပ်ရပ်ရပ် ထုံးပြီးပေပြီ။ မီးဖိုကိစ္စအပြီး ထမင်းစားချိန်ကြားတွင် မလှကြင်သည် သူ့အပ်ချုပ်အလုပ်ကို လုပ်၏။

သမီးဦးမွေးပြီးစက၊ ကလေးအနှီးနှင့် သေးဝတ်များကိုဘယ်

mgyoe.com

mgyoe.com

အချိန်ထလျှော်သည်မသိ၊ နံနက်နေခြည်တွင် သူ့အိမ်ရှေ့တန်းတွင် အဝတ်များလှမ်းပြီးဖြစ်သည်။

သမီးကို နို့အဝတိုက်ပြီး ပုခက်ထဲထည့်၍ ပုခက်လွှဲရင်း ထမင်းလည်းချက်သည်။ ပုခက်လွှဲရင်း အင်္ကျီကော်ကပ်သည်။ ပုခက်လွှဲရင်း အင်္ကျီစများကို လက်ချုပ်ချုပ်သည်။

ပြုံးရွှင်သောမျက်နှာတွင် ရင်းသုံးရင်းကျေပါသော မလှကြင်ကို ရဲဘော်ဇနီးပေမယ့် ခင်သည် လေးစား၏။ ကလေးတအယ်အယ်ငိုသံကို မကြားရအောင် ကလေးထိန်းရာ၌လည်း ၗနစ်ရှိ၏။ ကလေးကို ကြာရှည်ငိုခွင့်မပေးပေ။

သူ့အလုပ်ကို သူလိုမျှနိုင်နင်းသော မလှကြင်ကို ခင်သည် လေးစားသောအားဖြင့် ယခုအတူနေချိန်တွင် စက်တစ်လုံးပေးထားခြင်းဖြစ်သည်။

ခင်တို့ ရခိုင်ပြည်ဘက် ရွှေ့ပြောင်းသွားချိန်တွင် မောင်အေးသည် တပ်မှထွက်၏။ မလှကြင်၏ မိဘအမွေ ဒူးရင်းခြံတွင်အလုပ်လုပ်နေရစ်သည်။

ထိုအချိန်ကလည်း မလှကြင်သည် စက်ချုပ်ရင်း၊ ကလေးမွေးရင်း မောင်အေး၏ခြံကိစ္စကို ကူလိုက်သေးသည်။

မောင်အေးက သထုံဒူးရင်းခြံတွင်မပျော်၊ ရန်ကုန်တက်နေချင်သေးသည်ဆို၍ ဒူးရင်းခြံကို အငှားချထား၏။ မောင်အေးအလုပ်တွဲလုပ်သော ဂဝံကျောက်တူးဖော်သူများ အလုပ်လုပ်ရာတွင် သူလိုက်နေရ၏ ။

မှော်ဘီနောက်ဘက် ရှမ်းစုအစရှိသော ရွာငယ်များတွင် ကံထရိုက်တာများ စတည်းချချိန်တွင် မလှကြင်သည် ကျေးရွာတစ်ဝိုက် မှော်ဘီမြို့ပေါ်သို့မသွားနိုင်သော အလုပ်သမားအိမ်ထောင်စုများ၏

mgyoe.com

အကျီမျိုးများကို လက်ခံချုပ်သည်။

အကျီချုပ်ခအတွက်ငွေလည်း ရသည်။ တစ်ခါတစ်ရံငါးပိများ ရသည်။ မလှကြင်သည် ငါးပိပေးသဘောမျိုးအဖြစ် သူရသောငါးပိများကို စနစ်တကျသိုသိပ်၍ သုံးဦးစပ်အရေကျိုငါးပိကို မှော်ဘီဈေးထဲသို့လည်း သွင်းလိုက်သေးသည်။

ဗိုလ်မှူးဖေသော်တို့နှင့် ခွဲခွာနေရစဉ်အတွင်း မလှကြင်သည် သူ့ဇာတ်ထုပ်ကို ဤကဲ့သို့နိုင်နင်းစွာခင်း၍ မောင်အေးဘယ်လိုပင်အရက်သောက် ကလေးသုံးယောက်မွေးပြီးသည်အထိ မလှကြင်သည် သူ့ဘဝ သူ့ခရီးအတွက် မောင်အေးကို အပူမရှာခဲ့ပေ။ မိန်းမသားမို့ လက်နက်ကိုင်တိုက်ပွဲတွင် သတ္တိပြောင်ခဲ့သူ မဟုတ်သော်လည်း ဘဝတိုက်ပွဲတွင် ကျရာနေရာ၌ မှန်ကန်သော အသက်မွေးမှုနှင့်ပြောင်မြောက်သော သတ္တိရှိသည့် အမျိုးသမီးပေတည်း။

ဗိုလ်မှူးတို့ ယခုစစ်ရုံးကြီးတွင် နားနေရပြီဆိုမှ ခင်က ခေါ်ယူ၍ မောင်အေးတို့လင်မယား အတူလာနေသည်။ ထိုအချိန်တွင် မလှကြင်သမီးဦးသည် ဆယ်နှစ်လောက်ပင်ရှိနေပေပြီ။ သားငယ်လေးက ၂ ယောက်ဖြစ်၏။ အရက်အသောက်လွန်သော မောင်အေးက ခင်တို့အိမ်မပြောင်းခင်လေးတွင်ပင် သူတစ်ယောက်တည်း ရွာပြန်ကာ မလှကြင်၏ ဒူးရင်းခြံကို ရောင်းပစ်ခဲ့သည်။ ရသောငွေကို အစိပ္ပာယ်မရှိသောက်ပစ်သည်။ တေပစ်သည်။

မလှကြင်သည် ထိုစဉ်ကလည်း မောင်အေးလုပ်ပုံကို ဗိုလ်မှူးအားမတိုင်၊ သူ့မျက်နှာအပြုံးသည် သူ၏နှုတ်ခမ်းများပေါ်မှ မရွေ့လျားခဲ့ပေ။

"အံ့ပါရဲ့ မောင်အေးရယ်၊ မလှကြင်သည်းခံတယ်ဆိုတိုင်း မင်းတော်တော်ပေတယ်နော်။ မလှကြင်လို မိန်းမမျိုးကို မင်းရတာ

mgyoe.com

mgyoe.com

အင်မတန် ကံကောင်းတယ်မှတ်။ တို့များဘဝက အကြောင်းထောက်ပံ့လို့ ဗိုလ်မှူးကတော်သာဖြစ်တယ်။ အလုပ်လုပ်ရာမှာ မလှကြင်လို ထောင့်မစေ့နိုင်ဘူး"

ခင်သည် တစ်ခါတစ်ရံ မောင်အေးကိုဖွင့်ဟဆူမိသည်။ တစ်ခါတစ်လေတော့လည်း မလှကြင်ကိုကြိတ်၍ ပြောမိ၏။

"သည်းခံတယ် သည်းခံတယ်ဆိုပေမယ့်၊ မလှကြင်ဟာက တရားလွန်ပြီ။ ကြာရင် မောင်အေးခက်လိမ့်မယ်။ ဒီကောင်သိပ်ပေါ့နေပြီ။ သိရဲ့လား"ဟု ခင်ကပြော၏။

"အော် ...မမရယ်၊ ကိုယ်က ချစ်မိပြီမို့လား။ လင်ဆိုတော့လည်း သူ့ကို မပြောရက်၊ မဆိုရက်ဘူးလေ"

မလှကြင်စကားကြောင့် ခင်သည်ဘာကိုမျှ ဆက်မပြောတော့ဟုတ်သည်။ အကယ်၍သာ သူ့ကိုကိုသည် ဤကဲ့သို့ပေတေနေသော တပ်မတော်လူထွက်တစ်ယောက် ဖြစ်နေသည်ဆိုငြားအံ့၊ မလှကြင်လိုပင် သူသည် ရင်ထဲမြိုသိပ်၍ သူ့ချစ်လင်ကို တတ်သမျှပညာနှင့် ရှာဖွေကျွေးမိမည်ပဲဖြစ်သည်။

"အင်းလေ၊ ကိုယ့်အထုပ်ကိုသာ မဖြေနဲ့၊ သူမသိအောင်မြဲမြဲဆုပ်ထားပေါ့။ ခြေလွတ်လက်လွတ်ဖြစ်တော့ ကျွန်မတို့မိန်းမသားပဲအပူပွားရတာ မလှကြင်"

ခင်သည် ဒါပဲပြောနိုင်၏။ သူများလင်မယားကြားတွင် သတိပေးရုံမှတစ်ပါး မတတ်နိုင်ပေ။ အမှန်တော့ မလှကြင်သည် ရေများစီးဆင်းမလာ၍ ဆည်သောကန်သင်းမဖြစ်လည်း သူ့ရေအိုးနှင့်သူခပ်ကာတွင်းရေကို သိုလှောင်သုံးစွဲနိုင်သူဖြစ်၏။

စိတ်မထိခိုက်ဘူးဟူ၍တော့ မဆိုလိုပါ။ မောင်အေး သူ့ဒူးရင်းခြံကို သွား၍ရောင်းစဉ်က မလှကြင်ငိုမိ၏။ ဆင်းရဲမှာ၊ ဝင်ငွေမရှိမှာ

mgyoe.com

mgyoe.com

စိုး၍ မဟုတ်ပါ။ တစ်နေ့သော် တောပြန်မည်ဟူသော ရည်ရွယ်ချက် သူ့မှာရှိသည်။ ပြီးတော့ သူ့ဒူးရင်းခြံလေးမှာ မိဘများ၏ အမွေအနှစ် ဖြစ်၏။ သူ့ဦးကြီးကိုအပ်နှင်းခဲ့သည်။ သူတရုတ်မကြီး၏ အိမ်တွင် အလုပ်လုပ်နေစဉ် သူ့ဦးကြီး ကွယ်လွန်ခဲ့သည်။

မြို့တက် အလုပ်လုပ်ကြရပါသော်လည်း တစ်နေ့သော် ကိုယ့်ခြံ၊ ကိုယ့်မြေ၊ ကိုယ့်ယာခင်းလေးရှိရာသို့ ပြန်သွားမည်။ လင်မယား နှစ်ယောက် စိုက်ပျိုးလုပ်ကိုင်စားမည်။

မြို့ဆိုသည်က သိပ်ရေရာလှသည်မဟုတ်။ ခေတ္တခဏခိုဝင် နားနေဖို့တော့ ကောင်းပါသည်။ ယခင်ကတော့–

"ပန်းစံပယ်
နန်းအလယ်မပေါ်ခိုက်တာမို့
အလိုက်တော် အတန်သင့်အောင်လို့
ခံပွင့်ကိုကုံး။
နန်းရဝေ မန်းမြေမှာ
စံပယ်လှိုင်တော့ ခံပန်းခိုင်
ယာယီရွှေ့တယ် တောစလေ့ထုံး။"

ဆိုသော ကဗျာလေးမှာ အချစ်ကိုသာ ကိုယ်စားပြုခဲ့၏။ ဘဝတွင် လက်တွဲအနစ်နာခံခဲ့သော ချစ်သူကို ပစ်ပယ်၍ ဂုဏ်ကြီးရှင် အလု ကြွယ်သူတို့နှင့် တွေ့သောအခါ သစ္စာဖောက် အောက်ခြေလွတ်တတ် သော လူတန်းစားအတွက်သာ ဤခံပွင့်ကဗျာလေးသည် ရည်ရွယ် သည်ဟု ဆိုနိုင်၏။

ယခုတော့ ခံပွင့်၏နေရာသည် ကျယ်ပြောလာသည်။ အချစ် ကိစ္စတွင်မဟုတ်၊ လူမှုရေးပါ ပါလာသည်။ မြို့နေလူတန်းစားသည် သူတို့၏ စားဝတ်နေရေးပြေလည်ဖို့ တောမှတက်လာသူတို့ကို ခေါ်ယူ

mgyoe.com

mgyoe.com


အလုပ်ပေးနိုင်ကြပါသော်လည်း ငွေထက် လူတစ်ယောက်ကို ကျွေးမွေးရသောစားရိတ် တိုးမြင့်လာသောအခါ သူတို့သည် တောကျေးရွာမှ အလုပ်သမားများကို အစုလိုက်၊ အပြုံလိုက် အလုပ်မခန့်နိုင်တော့ပေ။ အိမ်ထောင်ဦးစီးသည် ရုံးတက်၊ လခစားအလုပ်ကို လုပ်သည်နှင့် အမျှ ကျန်မိသားစုကလည်း ကိုယ့်အားကိုယ်ကိုးနှင့် ကျရာတာဝန်ကို ထောင့်စေ့အောင် ထမ်းကြရသည်။

သူတို့သည် လူ၏ကိုယ်စား သော့ခလောက်ကို အသုံးချကြရ၏။ အစေခံတန်းလျားကြီးနှင့် အိမ်အကျယ်ကြီး၊ ဝန်းအကျယ်ကြီးနေရမှဟူသော ခြံကြီးရှင်၊ အိမ်ကြီးရှင်တို့သော်မှ ကိုယ့်ကားကိုယ်မောင်း၊ အားလပ်သူက ပန်းပင်ကို အလှည့်ကျလောင်းကြရသောဘဝကို တဖြည်းဖြည်း ပြောင်းလဲလာကြရသည်။ အားလုံးအလုပ်ခွင်သို့သွားချိန်တွင် သော့ခလောက်ကြီးသာ အိမ်စောင့်နေသည်။

အရင်က မြို့တက်အလုပ်လုပ်ရသော တောနေမိသားစုသည် ခံပွင့်ဘဝသို့အလိုလိုကျရောက်ခါ တောသို့မလွဲမသွေ ပြန်ကြရပေမည်။ သူတို့နေရာတွင် သော့ခလောက်ကြီးများသည် နေရာယူထား၍ အစေခံတန်းလျားကြီးများကို မြို့မှ ခြံကြီးရှင်တို့သည် သော့ခတ်ထားလိုက်ကြပြီးဖြစ်၍ မြို့တက် အလုပ်လုပ်ပါသော မလှကြင်တို့လူစုအတွက် အလုပ်ရဖို့ထက်၊ အိပ်နေစရာရဖို့သာ ပိုမိုခက်ခဲလာပါသည်။

ဒီအကြောင်းကို တွေးမိသောကြောင့် မလှကြင်သည် ဒူးရင်းခြံကို မရောင်းလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် မောင်အေးဖောက်ပြန်၍ အမိပ္ပာယ်မရှိ သူ့ခြံမြေကို ရောင်းသောအခါက သူကြိတ်၍ ငိုမိ၏။ မျက်ရည်ကျမိ၏။

သို့သော် မောင်အေးကို ဗိုလ်မှူးဆူမှာစိုးသောကြောင့် ထိုစဉ်က သူသည် တစ်စွန်းတစ်စမျှ ဖွင့်ဟမပြောခဲ့ပေ။ ဗိုလ်မှူးရန်ကုန်တွင်

mgyoe.com

တာဝန်ထမ်းဆောင်ရဆဲသာ သူတို့တွင် အိမ်ပြဿနာပြေလည်ခဲ့၏။ ဗိုလ်မှူးတို့ နယ်ပြောင်းလျှင် သူတို့တွင်အိမ်က အခက်အခဲအမြဲကြုံ သည်။

ရန်ကုန်တွင် မောင်အေးပွေ၍ ခြံပိုင်ရှင်တစ်ယောက်က အလုပ်ဖြုတ်ပစ်ခံရသော တစ်ချိန်က သူအထူးသဖြင့် မောင်အေးကိုနာ ကျည်းသည်။ အလုပ်မရှိတော့၍ အစေခံတန်းလျားမှ ထွက်ခွာသွားရ မည်ကို မလှကြင်တို့နားလည်ပါ၏။

ရန်ကုန်မြို့၏ တစ်နေရာကိုရယူဖို့ လခစားလူလတ်တန်းစား တို့ပင် တစ်ခါတစ်ခါ ဦးနှောက်ခြောက်ရသောအဖြစ်ကို ကြုံရ၏။ မလှကြင်တို့အဖြစ်က သာ၍မလွယ်၊ ထိုစဉ်က ရတ်တရက်မရွှေ့ပြောင်း နိုင်သော မလှကြင်သည် မတရားဘူး၊ မသင့်တော်ဘူးဟူသောအပြစ်ကို သိပါလျက် မျက်နှာပူခံကာ ဖွတ်ပေတေ၍ သူများခြံအတွင်းတွင် ခြောက်လလောက်နေခဲ့ရသော အဖြစ်ကိုတွေးမိတိုင်း သူမောင်အေးကို နပန်းလုံးချင်သည်။

အရင်ကသာဆို မောင်အေးအလုပ်ပြုတ်လည်း ရွာပြန်လျှင် တဲတစ်ခုထိုးနေနိုင်သော မြေတစ်ကွက်တော့ သူ့မှာရှိသည်။

ယခုတော့ သူပြန်စရာ မြေမရှိ။ စားဖို့တော့ အကျီချုပ်မည်။ မုန့်ရောင်းမည်။ ခင်တို့နှင့် ဝေးကွာကတည်းက ကိုယ်ပိုင်စက်မရှိလည်း လက်ချုပ်ချုပ်မည်။ သမီးဦး အပျိုပေါက်ဖြစ်၍ အငယ်သားနှစ်ယောက် ရသည်အထိ မလှကြင်သည် သူ့ဇာတ်ထုပ်ကို သူနိုင်အောင် ကခဲ့၏။

ဗိုလ်မှူးတို့နှင့်ကတော့ ပူးတုံခွာတုံ ဖြစ်ခဲ့သည်။ ဗိုလ်မှူးသည် ရောက်ရာနေရမှ ရဲဘော်ဟောင်း မောင်အေးသတင်းကို နားစွင့်မိ၏။ မောင်အေးသည် အရက်မသောက်တော့ပါဟု ဗိုလ်မှူးအား ဝန်ခံပြီး သည်မှစ၍ မတွေ့ခဲ့သည်မှာ ကြာမြင့်လှပေပြီ။ မယ်မယ်ရရအခြေတကျ

mgyoe.com

mgyoe.com


လုပ်ကိုင်စားသောက်သည့် သတင်းကိုတော့ မကြားခဲ့ရပါပေ။

ဗိုလ်မှူးက သူ့ကိုတွေ့လျှင် ကြိမ်းမည်ကို ကြောက်သည်။ တရားဟောမည်ကိုလည်း မကြားမနာလိုတော့ပြီဖြစ်သော မောင်အေးက ဗိုလ်မှူးကို လာမတွေ့ခြင်းဖြစ်၏။

“ခင်ဖြင့် ဒီအကောင် ငအေးကို နည်းနည်းမှမကျေနပ်ဘူး။ သူသာတပ်ကထွက်ပြီး အလုပ်မှန်မှန် ဖင်သေသေ လုပ်ရင် မလှကြင် ရှာစာနှင့် ပေါင်းပြီး မြေတစ်ကွက်၊ အိမ်တစ်လုံးတော့ ရနိုင်ပြီ။ ခက်တာ ပဲနော်၊ ဆည်တဲ့ကန်သင်း ဘယ်လို ကောင်းကောင်းစီးတဲ့ရေကမှ မရှိတော့လည်း ဒုက္ခပဲ”ခင်က အပ်ကြောင်းထပ်ပြီဖြစ်သော သူ၏ ရွတ်နေကျ ဂါထာကို ရွတ်တိုင်း ဗိုလ်မှူးကလည်း–

“ခင်ကလည်းကွာ၊ ယောက်ျားတစ်ယောက်ဟာ သားငယ်၊ မယားငယ်မယူဘဲ မိန်းမတစ်ယောက်ကို သားမှတ်မှတ်၊ မယားမှတ်မှတ်ပေါင်းရင် မတော်သေးဘူးလား”

သူ့ရဲဘော် မောင်အေး၏ ချို့ယွင်းချက်ကို သိပါသော်လည်း တတ်နိုင်သလောက် မောင်အေးဘက်က ကာကွယ်လျှောက်လဲရသည်မှာ အမော။

“မတော်နိုင်ဘူး တော်ရေ့၊ မတော်နိုင်ဘူး။ အလုပ်မလုပ် အိမ်ဦးငုတ်တုတ်ထိုင်ပြီး မယားရှာစာ ထိုင်ဖြုန်း၊ မယားကတစ်ယောက်တည်း လှေလှော်နေရတော့ ဒီလှေမြစ်ကြောင်းမှာ ရွေ့ဦးမလား။ ပြီးတော့ သူတို့ဘဝရေစီးကြောင်းက သန်ကသန်သနဲ့။ စီးလာတဲ့ သောင်ခြေမှာ တောင်လေကို မိတ်ဆွေဖွဲ့ပြီး ရွက်လွှင့်သွားရတဲ့အဖြစ် မဟုတ်ဘူး တော်ရေ့”

ဟု ခင်က ပြန်လည်ရေရွတ်တတ်၏။

“အမယ်လေးဟဲ့၊ ဗိုလ်မှူးကတော့ စာရေးဆရာမတွေကို ငါ့

mgyoe.com

mgyoe.com


မိန်းမအားကျပြီ ထင်တယ်ဟော့၊ စာသံ ပေသံနဲ့ ကဗျာဆန်ဆန်ပြော တတ်သားပဲ။ ကြိုးစားကြိုးစား စာရေးဆရာမဖြစ်အောင် ကြိုးစား”ဟူ၍ ဗိုလ်မှူးက အသောဖောက်ကာ မောင်အေးတို့ မောင်နှံကြောင့် ဖြစ်ပွားသော သူနှင့်ခင်၏ စစ်အေးပွဲကို ဤသို့လျှင် အဆုံးသတ်တတ် ပါ၏။

သူတို့က သတ္တိရှိပါသော မလှကြင်ကို အမြဲလေးစားခဲ့ပါ သော်လည်း ယခုတစ်ခေါက် မလှကြင် လာရောက်ခြင်းက အိန္ဒြေပျက် လှ၏။ မျက်စိပျက်၊ မျက်နှာပျက်နှင့် နံနက်စောစောမို့ မျက်ရည်ကို ထိန်းချုပ်၍ သူ့ဇာတ်ထုပ်ကို ဗိုလ်မှူးအား ပြောပြပြီးခဲ့၏။

သို့သော် မုန့်ဟင်းခါးစားပြီးချိန်၊ ခင်နှင့် အတူပန်းကန်ခွက် ယောက်များကို ဆေးကြောသိမ်းဆည်းစဉ်တွင်မူ မလှကြင်သည် အလုပ်လုပ်ရင်း ရှိုက်ကြီးတငင် ငိုကြွေးရှာသည်။ မနက်က ဗိုလ်မှူး ဖေသော်ပြောပြ၍ ဇာတ်လမ်းအကျဉ်းချုပ်ကို သိပြီးသော ခင်သည် တစ်ဖက်က အားပေးပါသော်လည်း တစ်ဖက်က သူမေးလိုသော မေးခွန်းကို စစ်စစ်ပေါက်ပေါက် မေး၏။

“ခင်တို့နဲ့ ခွဲသွားတာလည်းကြာတော့၊ ကြင်အေးရီ အပျိုဖြစ် နေပြီဆိုတာတောင် ခင်သတိမထားမိဘူး။ ခင့်မျက်စိထဲမှာ သူ ဒီအိမ်မှာ နေသွားသလိုပဲ။ ဂါဝန်ဖြူလေးနဲ့ ငယ်ရုပ်ကိုပဲ မြင်နေတာ။ ဒီကတည်း က သမီးဟာ ချစ်စရာလေး”

“ဟုတ်ပါတယ်လေ၊ အပျိုဖြစ်လာတော့ သူဘယ်လောက် ချောလာမယ်ဆိုတာ မမခင် စဉ်းစားကြည့်ပေါ့”

“အင်း၊ ဟုတ်တယ်။ သမီးချော မွေးရတဲ့ဒုက္ခကလည်းမိဘ တွေအတွက် မသေးဘူး။မလှကြင်ကို ခင်တစ်ခုမေးချင်တယ် မလှကြင် ဟာလေ အလုပ်လုပ်တာ သိပ်ထောင့်စေ့တယ်၊ စနစ်ဇယားရှိတယ်

mgyoe.com

mgyoe.com



ဆိုပါတော့ မိန်းမတို့တတ်အပ်တဲ့ ပညာရပ်အချုပ်အလုပ်၊ အချက်အပြုတ် အသိမ်းအဆည်းကအစ စကားအပြောအဆိုမကျန် သိပ်တော်တာပဲလို့ ခင်ထင်တယ်။ ဒါပေမယ့် အားလုံးတော့ ထပ်တူ သမီးက မအေကို မတူနိုင်ဘူးပေါ့။ အကုန်မတူနိုင်တော့ ဘာဖြစ်လို့ ကြင်အေးရီကို အချုပ်အလုပ်သင်မပေးလဲဟင်။ ဘာပဲဖြစ်ဖြစ်လေ၊ ခင်ထင်တာက သူ့မှာ ငွေရေး၊ ကြေးရေးပြေလည်ရင် ခုလိုဖြစ်မယ် မထင်ဘူး"

ခင်၏ မေးခွန်းကို မလှကြင်သည် အငိုရပ်၍ ဖြေ၏။

"ကျွန်မ စိတ်ထဲမှာ ကျွန်မငယ်ငယ်တုန်းက စာသင်ချင်လို့ မသင်ရ၊ ဦးကြီးမိန်းမက တရုတ်အဘွားကြီးအိမ် ပို့ထားခံရတယ်လေ။ ငါ့သမီး စာမတတ်ရင် ငါလို သူများအိမ်မှာ ကျွန်ခံရမယ်။ ကျွန်မကံကောင်းတော့ တရုတ်သူဌေးမကြီးနဲ့တွေ့ပြီး လက်မှုပညာတောင် အမြတ်ရသေးတာကိုး။ ကြင်အေးရီ လှပုံနဲ့ သူများအိမ်တွေမှာ အလုပ်လုပ်ရတဲ့အခါ အရွယ်ရောက်ရင် ဖြစ်လာမယ့် အန္တရာယ်တွေကို ကျွန်မကြိုတင်သိပါတယ်။ ဒါကြောင့် ကျောင်းထားပေးတယ်။ လေးတန်းထိပဲ ကောင်းကောင်းသင်တယ်လေ။ အို ...သူ့ အဖေ ညဉ်တွေဝင်လာတယ် ထင်ပါရဲ့။နောက်ပိုင်း သူစာကောင်းကောင်း မသင်ချင်ဘူး။ဒါနဲ့ ကျွန်မ သူ့ကို ကျောင်းဆက်မထားဖြစ်တာ"

မလှကြင်သည် ခေတ္တရပ်နား၍ သူ့ချွတ်ယွင်းချက်ကို ဆက်လက်ပြောပြ၏။ ကြင်အေးရီသည် စာသင်ရန် ကျောင်းကိုမသွားချင်လည်း အိမ်မှာသူ့ကိုကူ၍ ချုပ်လုပ်ရန် သူသည် အပ်ချုပ်အလုပ်ကို သင်ပေးပါသော်လည်း အသီကြီးကိုပင် ဖြစ်အောင်၊ ချုပ်ရိုးဖြောင့်အောင် မသီလို့ အပ်စောင်းထိုးဖို့နှင့် အပ်ပြန်ချုပ်ဖို့များတော့ ဝေးလှ၏။

"ပြီးတော့ နာမည်ကို ကြင်အေးရီလို့ မှည့်ကတည်းက ကျွန်မ မကြိုက်တာ"

mgyoe.com

mgyoe.com


မလှကြင်ပြောစကားကို ကြားရသောအခါ ခင်က ပို၍အံ့သြသွား၏။

"ဘာပြောတယ် မလှကြင်၊ ဒီနာမည်ကို ရှင်ကိုယ်တိုင်ပေးတာ မဟုတ်ဘူးလား။ ဒီအိမ်မှာ နေတုန်းကတော့ ကျွန်မတို့က ကြွေရုပ်ကလေးနဲ့တူလို့ မကြွေလို့ ခေါ်ခဲ့တာ"

"မဟုတ်ဘူး မမခင်၊ သူကလေ ကျောင်းက သူငယ်ချင်းတွေ နာမည်ကို သဘောကျ၊ သတင်းစာထဲမှာလည်း သန္တာနွဲ့ဝင်း၊ မြသီတာခိုင် စတဲ့ နာမည်ပြောင်း ကြော်ငြာတွေ ခဏခဏဖတ်ပြီး၊ လင်ယူတော့ သူ့နာမည်ကို ကြင်အေးရီလို့ ပြောင်းတာ။ အမှန်တော့ ကျွန်မရင်ထဲမှာလည်း မကြွေလို့ပဲ ခေါ်ချင်တာပါပဲလေ။ တောသူ တောင်သား ရိုးရိုးသားသားပဲ၊ တောသူနဲ့ သင့်တဲ့နာမည်ပဲ ကျွန်မတို့ မှည့်တာပဲကောင်းတယ်လို့ ကျွန်မထင်ပါတယ်။ဒါပေမယ့် ကျွန်မ သူ့ကို မပြောရက်ဘူး"

"ဟင်း" ခင်က သက်ပြင်းချ၏။

"နာမည်ဆိုတာက အမည်ပညတ်သဘောပါပဲလေ။ တောသူမို့ ကြင်အေးရီတို့၊ ခင်မေမေလွင်တို့ အမည်တွေ မမှည့်ရဘူးလို့တော့ မဆိုလိုပါဘူး။ ခင်ပြောချင်တာက နာမည်ကအစ မလှကြင်ပေးတာမဟုတ်၊ မိဘကပေးတာမဟုတ်ဘူးဆိုတော့ လင်ကိုရော မလှကြင်ပေးစားတာလား"

"ဟုတ်ကဲ့။ လင်ကတော့ ကျွန်မ ပေးစားတာ။ နာမည်ရော အနေအထိုင်ရော ကိုယ်နဲ့တန်ရာမှည့်ကြ၊ ခေါ်ကြ၊ နေကြတာကောင်းတာပဲ ဗိုလ်မှူးကတော်ရယ်။ မောင်အေးဘယ်လိုပွေပွေ ကျွန်မရှာတဲ့ငွေကို ကျွန်မ စနစ်တကျ ကိုယ့်ဘဝ ကိုယ့်ဝင်ငွေနဲ့လိုက်အောင် သုံးတတ်လို့ ကျွန်မအငယ်ဆုံးသား ၁၀ နှစ်ရောက်လာပြီ။ ဖရိုဖရဲမဖြစ်ခဲ့ဘူး။ မောင်အေးလုပ်ပုံလည်း မမခင်အသိဆုံးပဲလေ"

mgyoe.com

mgyoe.com


ခင်သည် သူ့ဆွေမျိုးသာဆိုလျှင် ပွင့်ပွင့်လင်းလင်းပြောလိုက် မေးလိုက်မည် ဖြစ်၏။ သို့သော် သူလိုလင်၏ လခရော၊ ကိုယ်ပိုင်လခရော နှစ်ယောက်ပေါင်း တစ်ထောင်နီးပါးရသော မိန်းမတစ်ဦးက ဝင်ငွေတစ်လနှစ်ရာ မပြည့်သူအား စနစ်တကျငွေသုံးစွဲဖို့ တရားမဟောချင်။ မလှကြင်ကလည်း တရားဟောရမည့် အိမ်ရှင်မမျိုးမဟုတ်။ သို့သော် ကြင်အေးရီကိစ္စတွင် မလှကြင်သည် မိခင်ဖြစ်သူလောက် မတော်စေကာမူ ဆယ်ပုံတစ်ပုံလောက် အရည်အချင်းရှိရအောင် မလှကြင်သည် သမီးတစ်ယောက်ကို မွေးဖို့သင့်သည်ဟု သူထင်၏။

"ကျွန်မ ကိုယ်တိုင်ပေးစားတာ၊ ဒါကြောင့် ကျွန်မမှာ တာဝန်ရှိတယ်လေ မမခင်၊ အရွယ်လည်းရောက်စ၊ မိန်းကလေးကလှလည်း လှတယ်မို့လား။ သူ့ကို ကျွန်မဘာမှ ခိုင်းမရဘူး။ ကျွန်မအိမ်အလုပ်ရော၊ အိမ်သားတွေစားဖို့ ငွေရှာတဲ့အလုပ်ရော လုပ်ချိန်မှာ သူ့ကိုမထိန်းနိုင်ဘူး။ သူမတော်တဲ့ သူငယ်ချင်းတစ်ယောက်ယောက်နဲ့ တွေ့သွားရင် ပိုဆိုးမှာလေ။ ဒါကြောင့် စောစောပဲ ကျွန်မ မောင်ညွန့်ဟန်နဲ့ ပေးစားလိုက်တာပါ"

"အို ကြင်အေးရီကို အိမ်ထောင်ပြုပေးတဲ့အတွက် မလှကြင်မှာ အပြစ်မရှိပါဘူး"

ခင့်စကားကြောင့် မလှကြင်သည် အသက်ရှူချောင်သွား၏။

"ပြီးတော့ မလှကြင်ပြောပြသလောက်ဆို ဒီသူငယ်တော်သားပဲ"

"ဟုတ်ကဲ့ သူ ဒရိုင်ဘာအလုပ်နဲ့ မယားကို ရိုးရိုးသားသား လုပ်ကျွေးပါတယ်လေ။ သားတစ်ယောက်ရတဲ့အထိပါပဲ။ ခုလိုဖြစ်လာတော့လည်း ကျွန်မကိုပဲ လာတိုင်ပြီး ကျွန်မလက်ထဲ ကြင်အေးရီကို ပြန်အပ်တယ်ဆိုရမှာပေါ့။ သားလေးကို မပြတ်နိုင်လည်း သူအဝေးကပဲ

mgyoe.com

လခထောက်မယ်တဲ့။ အော် ..ကိုယ့်သမီးဘက်က အပြစ်ရှိတော့ သူ
သူကလည်း ပြောအားရှိတာပေါ့"

စကားပြောရင်း ပန်းကန်များအားလုံးသိမ်းဆည်းပြီး၍ မလှကြင်သည် မီးဖိုအနီး ကုလားထိုင်တွင် ထိုင်၍သူ့သမီးဇာတ်လမ်း နိဂုံးချုပ်ကို ဆက်၍ပြောပြ၏။

"ဖြစ်ပုံက လက်ပူးလက်ကြပ်မိတော့လည်း ဘယ်ယောက်ျား မှ ခွင့်မလွှတ်နိုင်တဲ့အလုပ်။ ကြင်အေးရီတို့ နေတာက တရုတ်သူဌေး အိမ်နားမှာ။ ဒီတရုတ်က စမိုင်ခြံမှာ အားလပ်ချိန်ဆို အနားယူတယ် လေ။ သူတစ်ပတ်တစ်ခါ မိန်းမငယ်အသစ်တစ်ယောက် တစ်ယောက် နဲ့လာတယ်။ ပြန်ရင် ဒီမိန်းကလေးကို သူ့ဒရိုင်ဘာက ပြန်ပို့ရတယ်။ သူက နေရစ်တယ်။ တစ်ယောက်ကိုတစ်ခါသုံးတယ်။ မိန်းကလေးတွေ ကို ရှာပေးရတဲ့ သူ့ကိုယ်စားလယ်ပွဲစားက တစ်ယောက်သပ်သပ် ထားတယ်။ အဲဒီနေ့က တရုတ်သူဌေးရဲ့ ပို့နေကျ သယ်နေကျ ဒရိုင် ဘာက နေမကောင်းလို့ဆိုလား။ခဏ ကျွန်မ သမက်က သူ့သူငယ်ချင်း ကားကို ဝင်မောင်းပေးတာ။ လားလား တရုတ်သူဌေး တိုက်အိမ်ပေါ်က ဆင်းလာတော့ အဲဒီမိန်းကလေးဟာ ကြင်အေးရီဖြစ်နေရောတဲ့ မမခင် ရယ်။ ကျွန်မ အိမ်ရောက်လာတော့ မမခင်ရဲ့ ကြွေရုပ်ဟာ ထုရိုက်ထား လိုက်တာ အကျိုးအပဲ့ဖြစ်နေတော့တယ်"

မလှကြင်သည် မျက်ရည်တောက်တောက် ကျပြန်ချေပြီ။

"ကျွန်မ ရှက်လိုက်တာလေ။ ရင်ထဲမှာ မဖြစ်စဖူး ဝေဒနာကို ခံရတယ် မမခင်ရယ်။ ဘယ်လိုဖြစ်လာလဲဆိုတော့ ညွန့်ဟန်ရိုက်တဲ့ ဒဏ်ရာနဲ့ သေသွားရင်ကောင်းသားပဲဆိုတဲ့ အတွေးပေါ်လာတယ်။ ဒီတော့မှ လူကြီးတွေပြောတဲ့ တို့ကအသက်နဲ့လူလုပ်တာ မဟုတ်ဘူး။ အရှက်နဲ့ လူလုပ်တာလို့ ပြောတဲ့စကား သဘောပေါက်လာတယ်။

mgyoe.com

mgyoe.com


မမခင်ရယ်။ ကျွန်မဘဝ မောင်အေး လင်တေလေကို ပေါင်းလာရတဲ့ အချိန်မှာ တစ်ခါမှ ဒီလိုငွေမရှာခဲ့ရပါဘူး။ ကာယိန္ဒြေမပျက်ခဲ့ဘူး။ သူ့အဖေ မောင်အေး အညာတက်နေခိုက် ကြုံပေလို့ပေါ့။ နို့မို့ရင် သူ့သမီးအပြစ် သူမြင်မှာ မဟုတ်ဘူး။ ငါ့သမီး ဒါလောက်ရိုက်ရမလား ဆိုပြီး သမက်နဲ့ယောက္ခမ သတ်ပွဲဖြစ်မှာ ဟင်း"

"ဟင်း"

မလှကြင်သက်ပြင်းချပြီးနောက် 'ဟင်း' တစ်လုံးမှ ခင်၏ ရင်တွင်းမှ မရှေးမနှောင်းထွက်လာသော သက်ပြင်းချသံပါပေတည်း။

"ဂျူလီယက်နှိပ်စက်တာ မမခင်ရဲ့။ ဂျူလီယက်နှိပ်စက်တာ"

"ဘာ" ခင်သည် အင်္ဂလိပ်စာ ဝေါဟာရကို တစ်လုံးမျှမတတ် ပါသော မလှကြင်ပါးစပ်မှ ဘယ်လိုပေါ်လာသည်ကို နားမလည်နိုင်၍ မေးခြင်း ဖြစ်ပါသည်။

"ဒီလိုလေ၊ အခုမိန်းကလေးတွေ သိပ်တတ်တာပဲ။ ဟို တလောက အင်္ဂလိပ်ရုပ်ရှင်ကားမှာ ပါတယ်ဆိုလား။ ဂျူလီယက်ဝတ် တဲ့ အင်္ကျီပုံစံကို အခုသိပ်ဝတ်ကြတာပဲ။ အဲဒါကို ဝတ်ချင်လွန်းလို့ မိကြင်အေးရီ ငွေအပို အရှာကောင်းလိုက်တာ လင်ထောင်းခံရတာပဲ။ ဒီတရုတ်ဆိုက တစ်ခေါက်ပြန်ရင် ငွေအပြည့်၊အဝတ်စ မှောင်ခိုအဆင် ဆန်းကလည်း တစ်ပွေ့တစ်ပိုက်ရတယ်ဆိုပဲ။ ဒီလို တစ်ခါသုံးအလုပ် တွေကို လိုက်လုပ်နေတဲ့ မိန်းကလေးတွေက အများကြီးပဲတဲ့။ အဲဒီ မိန်းကလေးတွေကတစ်ဆင့် ပွဲစားနဲ့ ဆက်သွယ်သွားမိတာ။ ဒီပွဲစား ကလည်း သမီးကိုမသိ၊ ညွန့်ဟန်မိန်းမဆိုတာကိုလည်း ဒီပွဲစားကမသိ၊ အဲဒီတုန်းက သူ့ဒဏ်ရာကို ကြိတ်ပြီးကျွန်မကုု၊ ညွန့်ဟန်ကိုလည်းခြေ ထောက်ဖက်တောင်းပန်ပြီး သူ့အိမ်ပေါ်သမီးကိုပြန်တင်ခဲ့တယ်။ မမခင် တို့ဆီလည်း ကျွန်မ မလာခဲ့ပါဘူး။ အပူမရှာပါဘူး"

mgyoe.com

mgyoe.com


"ခွင့်လွှတ်ပြီး ပြန်လက်ခံတဲ့ ညွန့်ဟန်ကိုပဲ ကျေးဇူးတင်ရသေးတာပေါ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ခုနောက်ဆုံးအဖြစ်ကတော့ မြွေလည်းသေမယ်၊ တုတ်လည်း ကျိုးမယ် မမခင်ရဲ့။ ဒါကြောင့် ဗိုလ်မှူးဆီပြေးလာခဲ့ရတာ။ မမခင်လည်း ဗိုလ်မှူးကို ကူပြောပေးပါနော်။ ဗိုလ်မှူးက အခု စစ်ရုံးမှာ ဥပဒေတွေ၊ ဘာတွေ ကိုင်တယ်ဆို"

"ဟုတ်ကဲ့"

မလှကြင်ကိုတော့ ခင်တို့ ဝိုင်းဝန်းကူညီရပေဦးတော့မည်။ ယခု ဒုတိယအကြိမ်မြောက် အရေးအခင်းမှာတော့ ညွန့်ဟန်သည် ခွင့်လွှတ်ခြင်း၊ သဘောထားကြီးခြင်းများကို မပြနိုင်တော့။ တရားဟော၍လည်း မရတော့ပြီ။ ခြံခုန်ဖူးသော ဇနီးကိုစောင့်၍ ချောင်းရင်းမှ လူငယ်တစ်ယောက်နှင့် ရန်ကုန်၏ ဆင်ခြေဖုံး အိမ်တစ်အိမ်မှ တွဲ၍ ထွက်လာသော ကြင်အေးရီကို ကားပေါ်ဆွဲတင်၍ လူငယ်ကိုလည်း မသေရုံတမယ် ထိုးကြိတ်ရိုက်နှက်၍ လမ်းဘေးတွင် ထားခဲ့သည်။ ကြင်အေးရီကို ဒီတစ်ခါ လက်ဖျားနှင့်မတို့။ မလှကြင်တို့ ဇနီးမောင်နှံ လက်ထဲကို ပြန်အပ်ခါ သူ့ကိုယ်ကိုသာ ညွန့်ဟန်သည် ဂါတ်ကိုသွားအပ်ခဲ့သည်။

"မောင်ညွန့်ဟန်အပြောတော့ ဟိုသူငယ်ကို သေအောင်ချခဲ့သတဲ့။ ရဲဌာနက သူ့ကို လူသတ်မှုနဲ့စွဲချက်တင်ပြီး သေဒဏ်ခံရတာကမှ ကောင်းသေးသတဲ့။ ဟိုလူမသေလို့ လူသတ်မှုမဖြစ်တောင် သူတော့ဖြင့် ကြင်အေးရီကို ပြန်မပေါင်းလိုတော့ဘူး။ တစ်ခါတည်းကွာပါရစေတော့တဲ့။ ထောင်ထဲမှာ နေမယ်ဆိုရင်လည်း နေတော့မယ်တဲ့။ ကျွန်မ ကျွန်မ ဒါကြောင့် မမခင်တို့ဆီ ပြေးလာတာပါ။ သူလေ ကျွန်မသမက်ဘယ်ကိုမှ မပြေးဘူး။ ရဲဌာနမှာကို သွားအဖမ်းခံတယ်။ ဟိုသူငယ်သေရင်

mgyoe.com

mgyoe.com

တော့ ဒုက္ခပဲ။ ကျွန်မမှာ အရက်လည်းကွဲ၊ သမက်လည်း ဆုံးရတော့မှာပါပဲ"

မလှကြင်၏သမီးတော် လှကလျာဇာတ်လမ်းက တစ်ခန်းရပ်လေပြီ။ နိဂုံးချုပ် အဆုံးသတ်ပြီဟု မဆိုလိုပါ။ ဆက်ရန်တော့ ရှိသေးသည်။ ဘယ်လိုဆက်လက်ကပြရမည်ကိုတော့ ခင်လည်း လောလောလတ်လတ် မတွေးတတ်သေး။ ဇာတ်လမ်းက မလွယ်ပါချေ။

"မလှကြင် ပြန်နိုင်ပြီလေ။ ခင်နဲ့ကိုကိုတိုင်ပင်ပြီး မလှကြင်ဆီ ကျွန်မ ဒီညနေရောက်အောင် လာခဲ့မယ်။ သိပ်လည်းမပူပါနဲ့"

"ပူတာထက် ရှက်တာလေ။ ခုတော့ မောင်အေးလည်း ရှက်လှချေရဲ့ဆိုပြီး သူ့သမီးကို သူ့ဘာသာရိုက်လို့ ကျွန်မမနည်းတောင်းပန်ရတယ်။ လင်ကိုရော၊ သမက်ကိုရော ထောင်ထဲလိုက်မတွေ့ပါရစေနဲ့လို့ ပြောရတယ်။ ပထမတစ်ခါတုန်းက လင်ရိုက်တဲ့ဒဏ်ရာနဲ့ မသေ၊ အခု အဖေရိုက်တဲ့ဒဏ်ရာနဲ့ မိအေးရီသေတော့မယ်။ မမခင်လာရင် မမခင်အသိဆရာဝန်ကိုပါ ခေါ်ခဲ့ပါနော်။ ကျွန်မတော့ နန္ဒင်းမှုန့်တွေ သိပ်ထားတယ်။ ကဲ ကျွန်မ ပြန်မယ်"

မလှကြင်သည် ဗိုလ်မှူးကိုနှုတ်ဆက်၍ ပြန်သွားတော့သည်။

ဗိုလ်မှူးကိုရော၊ ခင့်ကိုပါ မလှကြင်က အကူအညီတောင်းဆိုသွားသည်က အဖေဖြစ်သူ မောင်အေးထုရိုက်ထားသော ဒဏ်ရာနှင့် အိမ်တွင်လဲနေသော ကြင်အေးရီကို ကြိတ်၍ နီးစပ်သောဆရာဝန်နှင့် ကုသပေးပါ။ ဒုတိယအချက်မှာတော့ ဌာနတွင် သူ့ကိုယ်သူ သွားရောက်အပ်နှံသော သမက်အား ဖြစ်နိုင်သောနည်းနှင့် အပြင်ထုတ်ပေးပါရန် ဖြစ်၏။ အကယ်၍မောင်ညွှန့်ဟန်ရိုက်ခဲ့သော သူငယ် မသေခဲ့သော် သူငယ်၏ မိဘများနှင့် ကျေရာကျေကြောင်း အပြင်တွင်ညှိနှိုင်း၍ ရုံးတင်စစ်ဆေးခြင်း မပြုပါရန် ဖြစ်၏။ ရုံးတက်နေရလျှင် အမှု

mgyoe.com

mgyoe.com


စစ်ဆေးစဉ်တွင် ရှည်ကြည်သောကာလအတွက် မလှကြင်နှင့်တကွ သမက် မောင်ညွန့်မှာ ငွေကြေးတတ်နိုင်မည် မဟုတ်ပါချေ။ ဒုတိယ အမှုစစ်လျှင် သူ့သမီးအထုပ်က ဖြေရတော့မည်ဖြစ်၏။ အော် ... မလှကြင် တော်ပေသား၊ ဆင်းရဲသော်လည်း သမီးတစ်ယောက်၏ အိမ်ထွေထိန်းသိမ်းဖို့၊ အရှက်မကွဲဖို့ကိုမူ အလွန်အရေးထားကြောင်း သူ့ အပြုအမူက ဖော်ပြခဲ့ပေပြီ။

ခင်သည် မလှကြင်၏နေရပ်လိပ်စာကို အတိအကျယူထား လိုက်၏။ မီးဖိုဆောင်ကိစ္စ လက်စသတ်ပြီး၍ သူ၏အိပ်ခန်းသို့ဝင်လာ ခဲ့သည်။ ဗိုလ်မှူးဖေသော်သည် ယခုအသက်နည်းနည်းရလာကတည်း က တနင်္ဂနွေနေ့ အားလပ်သောနေ့များတွင် ထမင်းစားပြီးချိန်တိုင်း တမှေးလောက်မှေး၍ အနားယူမြဲဖြစ်၏။ တနင်္ဂနွေနေ့များတွင်မူ သားများနှင့်အတူ မနက်စောစောလမ်းလျှောက်ထွက်၊ ကျိုက္ကဆံကွင်း တစ်ပတ်ပြေးလေ့ရှိ၏။

"စခန်းရုံးက ရဲဘော်တွေ မနက်အစောကြီး ထပြေးရတယ်ကွ။ ငါတို့က မိန်းမနဲ့ဖက်အိပ်နေလို့ ဘယ်ဖြစ်မလဲ။ ငါလည်းထပြေးရမှာ ပဲ"ဟု ဆို၏။ ယခု တနင်္ဂနွေတွင် ကိုကို၏ ထမင်းစားပြီးတရေးသည် နှစ်နှစ်ခြိုက်ခြိုက်မှ ရှိပါလေစ။ ခင်သည် ခုတင်ပေါ်တွင် အိပ်ပျော် မပျော်တော့မသိ၊ မျက်စိမှိတ် အနားယူနေသော လင်တော်မောင်အား အနှောင့်အယှက်ဖြစ်မှာစိုး၍ သားများအခန်းကို ကူးလာခဲ့၏။ ခင်ဖေဦး နှင့် ခင်ဖေမောင်မှာ ပိုးလိုးပက်လက်လန်ကာ နှစ်နှစ်ခြိုက်ခြိုက် ကလေး အိပ်အိပ်၍ နေကြပေပြီ။ သူတို့သည် မနက်စောစောက အဖေနှင့်အတူ ပြေးလွှားခဲ့ပြီး၍ ထမင်းစားပြီး အိပ်မောကျနေဟန်တူသည်။

ခင်သည် ဧည့်ခန်းတွင် ပြန်ထိုင်လိုက်၏။ သူလုပ်ရမည့်အ လုပ်ကို စီစဉ်လိုက်၏။ သူသည် ဆရာဝန်ကိုခေါ်ကာ မလှကြင်အိမ်

mgyoe.com

mgyoe.com


ကို သွားမည်။ကိုကိုက ဥပဒေတွေဘာတွေနှင့် ရုံးကိစ္စ၊ ဂါတ်ကိစ္စများကို ဘယ်လိုလုပ်မည်ကို သူနားလည်ပေပြီ။

ထို့ကြောင့် ခင်သည် နောက်ဘက်တန်းလျားကို ဆင်းလာခဲ့၏။ ရဲဘော်လွန်းမောင်ကို သူသွားလိုသောနေရာကို ပို့ပေးဖို့ပြောရသည်။ ခါတိုင်းဆိုလျှင် တနင်္ဂနွေနေ့အားဌ အပြင်ထွက်လည်တတ်သော ဒရိုင်ဘာလွန်းမောင်သည် ဘယ်ကိုမျှမသွား၊ အိမ်မှာ နားနေသည်။ ရဲဘော်မောင်အေးနှင့် ဆက်သွယ်နေသောကိစ္စဖြစ်၍ သူသည် ကူညီလို၏။

"မမခင် သွားလေ၊ ကျွန်တော် မမခင်ကို ဆရာဝန်ဆီပို့ပြီး ပြန်လာမယ်။ ဗိုလ်မှူးနိုးမှာနဲ့ အတော်ပဲ။ ကျွန်တော်တို့ ဘယ်သွားတယ် ဆိုတာ မသန်းကိုမှာခဲ့မယ်"ခင်သည် အိမ်ပေါ်ပြန်တက်ခါ သူ့သူငယ်ချင်း ဒေါက်တာခင်မာကြည်၏ ဆေးခန်းသို့ တယ်လီဖုန်းဆက်ရပြန်သည်။

တနင်္ဂနွေနေ့ဆိုလျှင် ခင်မာကြည်သည် သူ၏ ကိုယ်ပိုင်ဆေးခန်းတွင် အမြဲလိုလိုရှိ၏။ သို့သော် ဒီကနေ့တွင်မူ သူ၏ ဆေးခန်းစောင့်ဆရာမလေးက ခင်မာကြည်ဆေးရုံတက်နေကြောင်း ပြောပြသည်။ အခန်းနံပါတ်၊ ခုတင်နံပါတ်ကို ပြောပြ၏။

ခင်သည် မောသွားပြန်သည်။ သူ့သူငယ်ချင်းသည် ဘာဖြစ်ဖြစ် သူ့အားကြိုတင်အကြောင်းကြားတတ်၏။ ရောဂါများ သိပ်စိုးရိမ်စရာရှိ၍လား၊ ပူပန်လာပြန်၍ ခင်မာကြည်အိမ်ကို အရင်သွားရန်ဆုံးဖြတ်လိုက်သည်။ လောလောဆယ် ဆေးရုံဖွင့်ချိန် မဟုတ်သေး။ မလှကြင်အိမ်သို့ ဆရာဝန်ခေါ်သွားဖို့ ခင်မာကြည် မလိုက်နိုင်တောင်မှ ဒေါက်တာကျော်ဇင်ကိုခေါ်သွားရန် ဆုံးဖြတ်လိုက်၏။ ဒေါက်တာကျော်ဇင်ကို ညနေတွင်လာခေါ်မည့်အကြောင်း တယ်လီဖုန်းနှင့်ပင်

mgyoe.com

mgyoe.com

ပြောကာ ဒေါက်တာခင်မာကြည်၏ နေအိမ်၊ရန်ကုန်အရှေ့ပိုင်းရေကျော်သို့ ခင်ထွက်လာခဲ့သည်။ ခင် ထင်ထားသည့်အတိုင်း အိမ်တွင်တစ်ယောက်တည်း ကျန်ရစ်သော ခင်မာကြည်မိခင် ဒေါ်မြိုင်ကိုသူတွေ့ရသည်။

* *

mgyoe.com

mgyoe.com

## အခန်း (၄)
## သူငယ်ချင်းကောင်း ယောက်မတို့ရေ

"အမာ ဘာဖြစ်လို့လဲဟင်"

ခင်သည် ဒေါ်ဒေါ်မြိုင်ထိုးပေးထားသော ကုလားထိုင်တွင် ဝင်ထိုင်ရင်း မေးလိုက်၏။

"အရင်ရောဂါ ပြန်ထလာတာပေါ့"

ဒေါ်ဒေါ်မြိုင်စကားကို ကြားကြားချင်း ခင်သည် အံ့အားသင့်သွား၏။ ခင်မာကြည်၏ရောဂါကို အံ့ဩသွားခြင်းမဟုတ်၊ သူ့သူငယ်ချင်းအမာတွင် နှလုံးအားနည်းသောရောဂါရှိသည်ကို တက္ကသိုလ်သို့ ရောက်ကတည်းက ခင်သည်သိပြီးဖြစ်၏။ အင်မတန်သွက်လက်ဖျတ်လတ်၍ ကျန်းမာတောင့်တင်းသော အမာသည် ၁၀ တန်းတွင် အောင်မှတ်ကောင်း၏။ အိုင်အက်စီအောင်ပြီး ဆေးတက္ကသိုလ်သွားခွင့်ရသော အခါ ခင်တို့နှင့်ခွဲသွား၏။ ခင်က ဘီအီးဒီကို ဆက်လိုက်၏။ ဆေးတက္ကသိုလ်တက်ရင်းမှ အမာတွင် နှလုံးအားနည်းရောဂါစ၍ဖြစ်လာသည်ကို ခင်သိပြီးဖြစ်သည်။ သူအံ့ဩရသည်က အမာ၏ရောဂါမဟုတ်၊ အမာ၏မိခင် ဒေါ်ဒေါ်မြိုင်၏စကားပြောဟန်နှင့် လေသံကြောင့်

mgyoe.com

mgyoe.com



ဖြစ်သည်။ဒေါ်ဒေါ်မြိုင်လေသံသည် မာကြော၍ မျက်နှာထားကလည်း ကရုဏာဒေါသောနှင့် စိတ်ဆိုးနေဟန်ပေါက်၏။ သူ၏ တစ်ဦးတည်း သောသမီး အမာ၏အပေါ်တွင် ခင်တို့နှင့် စတင်ကျောင်းနေဖက်ဖြစ် ကတည်းက ဘယ်တော့မှ မာမာကြောကြော ခါးခါးသီးသီး ဆုံးမဆူပူ ပြောဆိုသောအသံကို မကြားဘူးသောကြောင့် ခင်သည် အံ့အားသင့်မိ ခြင်းဖြစ်၏။

"ခင်လေ၊ သူ့ဆီတယ်လီဖုန်းဆက်တော့ ဆေးရုံတက်နေရ တယ် ကြားရလို့ ဆေးရုံသွားမေးဖို့က ညနေမှ ဧည့်သည်ဝင်ရမှာမို့ အခုအိမ်လိုက်လာတာ၊ စိုးရိမ်ရလား ဒေါ်ဒေါ်မြိုင်"

"စိုးရိမ်ရတာပေါ့၊ မသေတာကံကောင်း။ ဆေးရုံပေါ်မှာတော့ ဒေါ်ဒေါ် သူစိတ်ချမ်းသာအောင်လို့ အေးအေးဆေးဆေး ပြေပြေပြစ်ပြစ် ပြောပါတယ်။ ခန္ဓာကိုယ်ပါမဟုတ်၊ စိတ်ပါနာနေလို့။ ဒါပေမယ့် သူ့ကွယ်ရာရောက်ရင် ဒေါသဖြစ်လွန်းလို့ အဲဒီဒေါသပွင့်ထွက်စရာ ရင်းရင်းနှီးနှီးဆွေမျိုးဆိုလို့ ပြောစရာ ခင်ပဲရှိလို့ ရောက်ရောက်ချင်း ခင့်ကိုပါဆက်ပြီး အော်မိတာ စိတ်မရှိပါနဲ့ ခင်ရယ်"

ဒေါ်ဒေါ်မြိုင်သည် ဖြစ်ချင်သောဒေါသကို ဖြစ်ခွင့်ရ၍ ယခုမှ စိတ်နည်းနည်းသက်သာသလို တင်းမာသောမျက်နှာထားသည် လျော့ ပါးသွား၏။ ခင့်အနားရှိ ကုလားထိုင်တွင် ဝင်ထိုင်၏။

"သူ့အနားမှာ ဘယ်သူရှိလဲ"

"သမီးအလတ် တင်မာလတ်ရှိတယ်လေ။ သားကြီးကတော့ အငယ်မကို ကျူရှင်ပို့ရတယ်။ ဟင်း သူ့အဖေမရှိကတည်းက သား ကြီးတစ်ယောက်ရှိပေလို့ပေါ့။ အမေကို ဆေးရုံပို့ကြို၊ ညနေလည်း ဆေးခန်းမှာ မအေကိုကူရသေးတယ်။နှမတွေ ကျောင်းပို့ကြိုနဲ့ ဒရိုင်ဘာ ကျနေတာပဲ။ သူ့စာလည်း သူတစ်ဖက်က ကြိုးစားရသေးတယ်။

mgyoe.com

mgyoe.com



ယောကျ်ားလေးပေမယ့် သားကြီးတစ်ယောက်ပဲ မအေ့ခြေရာ နင်းနိုင်မယ်ထင်တယ်။ ကျန်တဲ့ ကောင်မသုံးကောင်အလကားပဲ။ ခင်မမှာ ယောကျ်ားမရှိလည်း ဆရာဝန်တစ်ယောက်ဆိုတော့၊စီးပွားရေးက မပူပင်ရလို့ စိတ်အေးရမလား အောက်မေ့တယ်။ ခုတော့ စီးပွားရှာရတာထက်တောင် ဒီသမီးသုံးကောင်(နွားသုံးကောင်)က ခင့်သူငယ်ချင်းကို ဒုက္ခအမျိုးမျိုးပေးတာ၊ အခုတော့ ခင်မာအိပ်ရာပေါ် ဘုံးဘုံးလဲတာပဲ။ မသေတာ ကံကောင်း"

"ဟင်း၊ အမာအဖြစ်ကလည်း သနားစရာ ကောင်းလိုက်တာ"

အတွင်းသိအစင်းသိခင်သည် သက်ပြင်းလေးချကာ ညည်းတွားမိ၏။

"မသနားပေါင်၊ မသနားပေါင်"

"အော် ...ဒေါ်ဒေါ်မြိုင်ကလည်း ကိုယ့်သမီးလေးဘဝ ဆရာဝန်ဖြစ်လာတဲ့အထိ သူလိမ္မာတာတွေ၊ ကြိုးစားခဲ့ရတာတွေ သိလျက်သားနဲ့ ဒီလိုမပြောပါနဲ့။ ဒေါ်ဒေါ်မြိုင်ကိုယ့်သမီးကို ချစ်ပါတယ်၊ ခင်သိပါတယ်"

"ချစ်ပါတယ်၊ ချစ်ပါတယ်၊ ချစ်တာမှ တုန်နေအောင်ချစ်တာ။ ဒါပေမယ့် ခုကိစ္စမှာ မသနားပေါင်၊ မသနားပေါင်"

ဒေါ်ဒေါ်မြိုင်သည် နောက်ဆုံးစကားလုံးကို တုန်တုန်ရီရီ ငိုသံပါကြီးနှင့်ပြောရင်း ဝဲလာသောမျက်ရည်ကို လက်ကိုင်ပဝါနှင့်တို့ကာ စကားစကို ခဏရပ်ထား၏။ ခင်ကလည်း ဒီတစ်ခါကျတော့ ဒေါ်ဒေါ်မြိုင် သနားသွားသည်။

"ခင်ကလေ ခင့်သူငယ်ချင်းအကြောင်းကို မသိတာတွေလည်းရှိတယ်။ သိတာတွေလည်းရှိတယ်။ ကျောင်းနေဖက်ဆိုတော့ ကျောင်းအတူနေစဉ်က အကြောင်းကိုပဲ သိမပေါ့။ ကျောင်းထွက်လင်

mgyoe.com

mgyoe.com


သားရတော့ ကိုယ့်အိမ်ထောင်ကိစ္စနဲ့ကိုယ် ပတ်ချာလည်နေတော့ တစ်ယောက်ပြဿနာ တစ်ယောက် အသေးစိတ်ဘယ်သိနိုင်မလဲ"

ဟုတ်၏။အရေးအကြောင်းရှိမှ တစ်ယောက်နှင့်တစ်ယောက် တယ်လီဖုန်းဆက်ပြောကြရ၏။ ဝင်ထွက် သွားလာရ၏။

"ဒီက အမေလုပ်သူမှာတော့ မိခင်မာအကြောင်းကို အူဝဲဆိုတဲ့ ဘဝ မရောက်ခင် ဗိုက်ထဲသန္ဓေတည်စကနေ ခုချိန်ထိ အကုန်သိခဲ့တယ်။ မိမာကို မုဆိုးမသမီးပေမယ့် စာသင်မပျက်စေခဲ့ရဘူး။ ရေကျော်ညဈေးတန်းမှာ 'မြိုင်'ချင်းသုပ်ဆိုရင် ပွဲနေပွဲထိုင်မကျန် လူတိုင်းကြိုက်မို့လား။ ကိုယ့်ဟာကိုယ်လည်း ညဈေးရောင်းတယ်။ သာရေး၊နာရေး ပွဲနေပွဲထိုင်လည်း အော်ဒါလက်ခံတယ်။ စီးပွားရေးက မပူရဘူး။မိမာကိုလည်း အပိုးကျိုးအောင်လို့ ကိုယ့်ဘဝ၊ ကိုယ့်အခြေကို အမှန်အတိုင်း အသိပေးခဲ့တယ်။ မုဆိုးမသမီးဆိုပြီး စိတ်ဓာတ်ကျမှာစိုးတယ်။ ငယ်ငယ်က အဖေသေပေမယ့် ဆင်းရဲလို့ စိတ်ဓာတ်ကျတယ်။ စာမသင်ချင်ဘူးဆိုတဲ့အဖြစ် မရောက်စေရဘူး။ ကြိတ်ပြီး ဆုံးမတယ်။ သမီး သမာအာဇီဝ မှန်ကန်သော အသက်မွေးမှုဆိုရင် ရှက်စရာမလိုဘူး။ ငါ့သမီးသာ ပေါက်ရောက်အောင်ကြိုးစား၊ အမေ့ကိုလည်း ဒါတွေ၊ ဒါတွေ ကူညီရမယ်လို့ ပွင့်ပွင့်လင်းလင်းပြောထားတယ်"

မှန်၏။ ခင်နှင့်မာတို့ ရေကျော်မက်သဒစ်တွင် ကျောင်းနေစဉ်ကတည်းက အမာသည် မိခင်ဖြစ်သူ၏ စီးပွားရေး'မြိုင်' ချင်းသုပ်စုံအတွက် မိခင်ကို ကူညီရသည်သာမက၊ ညဈေးတွင် ရေနွေးကြမ်းနှင့်မြည်းလိုသူတို့အတွက် ဆန္ဒင်းမကင်း တစ်အိုးကိုလည်း နေ့တိုင်း အမာသည် ဖုတ်၍ပေးခဲ့သည်။ စာမေးပွဲနီးချိန်တွင်တော့ ဒေါ်မြိုင်သည် သမီးကိုစာကြည့်ဖို့ ညဘက်တွင် အနားပေး၏။ သူ၏ချင်းသုပ်ဆိုင်နှင့် ဆန္ဒင်းမကင်းကို သူကိုယ်တိုင်ကွပ်ကဲရောင်းချသည်။

mgyoe.com

mgyoe.com


ယခု မန္တလေးမှ အရိုးတောင်းလက်ဖက် ကျော်ကြားသလို 'မြိုင်'ချင်းသုပ်သည် ပွဲနေပွဲထိုင်တို့တွင် ဟိုတခေတ်ကကျော်ကြားခဲ့၏။

"ဒီတုန်းက ဒေါ်ဒေါ်မြိုင်ဟာ ညဈေးဆိုင်ကို မိမာထွက်မရောင်းစေရတာ အချက်နှစ်ချက်ရှိတယ်"

ခင်သည် သွက်လက်ချက်ချာ၍ ဖွဲ့မာန်ရှိသော ဒေါ်ဒေါ်မြိုင်၏ ပြောဆိုပုံကို နဂိုကတည်းက သဘောကျသူပီပီ ဒေါ်ဒေါ်မြိုင်၏ ပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေမိ၏။ သို့သော်ဒေါ်ဒေါ်မြိုင် ပြောဟန်များသည် ယခင်လို ဝင်းဝင်းလက်လက် မျက်လုံးများနှင့်မဟုတ်၊ မျက်တောင်တွင် မျက်ရည်များတွဲလဲခိုရင်း ပြောနေ၏။

"တစ်အချက်က သူ့စာကိုကြိုးစားဖို့ အချိန်ရစေချင်တယ်။ နှစ်အချက်က ညဈေးဆိုတော့ လူပေါင်းစုံတယ်။ ကာလသားပေါင်းစုံတယ်။ ငါ့သမီးကလည်း ကျောက်ရုပ်မဟုတ်၊ တစ်ယောက်နဲ့မဟုတ် တစ်ယောက်နဲ့တွေ့ရင် ဒုက္ခပဲဆိုတာကို ကြိုတင်ကာကွယ်ရမှာ မိခင်တစ်ယောက်တာဝန်မဟုတ်ဘူးလား ခင်"

"မှန်ပါတယ် ဒေါ်ဒေါ်မြိုင်"

အမာသည် အပျိုဖော်ဝင်စကတည်းက ဖြူဖြူသွယ်သွယ် မြင့်မြင့်နှင့် ချစ်စဖွယ်ကောင်း၏။ နှုတ်ခမ်းပါးလေးနှင့်စကားပြောလျှင်လည်း အေးအေးချိုချို ပြောတတ်၏။ အလုပ်သင်ဆရာဝန်မလေးဖြစ်လာသောအခါ၊ အမာ၏ ကရုဏာသက်များ ဝင်စားနေသော မျက်လုံးများက လူနာ၏စိတ်ကို ဝေဒနာမှသက်သောင့်သက်သာ ဖြစ်စေသည်။ ဆေးမခြယ်သော နှုတ်ခမ်းနီထွေးထွေး မင်မသရဘဲ ညိုမှောင်သော မျက်ဝန်းတို့ကြောင့်ပင် ကိုတင်သန်းသည် လူနာအဖြစ် တက်ရောက်ကုသရင်း အမာကိုစွဲခဲ့သည်။ အမာနှင့်ကိုတင်သန်း လက်ထပ်ချိန်တွင်

mgyoe.com

mgyoe.com


သူတို့အိမ်ထောင်သည်ဘဝအစသည် စိုပြေခဲ့သည်။ ကိုတင်သန်းသည် အင်ဂျင်နီယာတစ်ယောက်ဖြစ်၍ အမာ့အတွက် ဝင်ငွေမှာ ငယ်စဉ်ကလိုမဟုတ်သောကြောင့် ကိုတင်သန်းကွယ်လွန်သော်လည်း ရေကျော်တွင် ကိုယ်ပိုင်အခန်းနှင့်၊ ကိုယ်ပိုင်ကားနှင့် အမာ တခမ်းတနားနေနိုင်ခဲ့သည်။ သူ့သမီးထွေး တင်မာလေးနို့စို့အရွယ်တွင် ကိုတင်သန်းကွယ်လွန်ခဲ့၏။

"သူ့ကို ဒေါ်ဒေါ်မြိုင်ဆုံးမခဲ့သလို သူ့သားသမီးတွေကိုလည်း သူဆုံးမစေချင်တယ်။ မင်းတို့မှာ အဖေမရှိပေမယ့် တစ်ပတ်မညှိုးရအောင် မေမေမင်းတို့ကျောင်းတက်ဖို့ ကားကအစ လိုလေသေးမရှိထားပေးတယ်။ သမီးတို့စာကြိုးစားသင်ရမယ်။ တစ်ဖက်ကလည်း မိခင်နဲ့အိမ်ကိစ္စကို ကူညီရမယ်။ မေမေငယ်ငယ်တုန်းက ဆန္ဒင်းမကင်းဖုတ်ပြီး ကျောင်းတက်ခဲ့တယ်ဆိုတာကို သားသမီးတွေကို တိတိလင်းလင်း အသိပေးရမယ်။ ဒါမှလည်း သားသမီးတွေက အောက်ခြေမလွတ်မှာပေါ့။ ခုတော့ ပြောင်းပြန်တော်ရေ့၊ ပြောင်းပြန်"

"ဘယ်လို ပြောင်းပြန်တာလဲ"

"ဘွားအေလုပ်တဲ့သူက မြေးတွေကို အလုပ်တာဝန်ခွဲဝေပေးတယ်။သမီးတို့မေမေ ငယ်ငယ်က ဘွားဘွားကို ဘယ်လိုကူညီခဲ့တယ်။ နေ့စဉ် ဆန္ဒင်းမကင်းတစ်အိုးဖုတ်ပြီးမှ ကျောင်းကို သွားခဲ့တယ်ဆိုပြီး မိမာကြိုးစားခဲ့ပုံတွေကို ဂုဏ်ယူတဲ့အနေနဲ့ ဒေါ်ဒေါ်မြိုင်က မြေးမတွေကို ဆုံးမခဲ့တယ်။ မအေခြေရာနင်းအောင်လို့ပေါ့လေ။ ဟင်း …မြေးမတွေက ဒီဘွားအေကြီးကို ဘာပြန်ပြောလဲ သိလား"

ခင်သည် ခေါင်းခါလိုက်၏။

"မေမေ့ကို ဆန္ဒင်းမကင်းဖုတ်ပြီး ကျောင်းတက်တယ်၊ ဘာတယ်နဲ့ မပြောပါနဲ့တဲ့၊ သူတို့မှာ ဂုဏ်ငယ်သတဲ့၊ သူ့အမေလည်းဂုဏ်

mgyoe.com

mgyoe.com


ငယ်သတဲ့၊ ရေကျော်မှာ ဒေါက်တာခင်မာကြည်ဆိုတာ နာမည်ကြီး၊ ဂုဏ်နဲ့ဒြပ်နဲ့ နေတာတဲ့ တော်ရေ့။ ဒီစကားကို အပြောဆုံး ပြန်အပက်ဆုံးက သူ့အချစ်ဆုံးသမီးကြီး တင်မကြီးပေါ့"

ခင်သည် တင်မကြီးပြန်ပြောသောစကားများကို မကြိုက်နှစ်သက်ကြောင်း ဒေါ်ဒေါ်မြိုင်ကို ထောက်ခံဆွေးနွေးဖို့ထက် ယခုစရောက်ကတည်းက တင်မကြီးကိုလည်း အရိပ်အရောင်မတွေ့ရ၊ တင်မလတ်က မအေ့အနားတွင် လူနာစောင့်လုပ်နေသည်။ တင်မလေးက ကျောင်းသွားသည်။ သားကြီးတင်မောင်ဝင်းက ကားမောင်း၍ ကျောင်းကြိုရန်သွားသည်ကို သိရ၏။ ချက်ချင်းလိုပင် စကားစ ရေစီးကြောင်းတွင် ပျောက်ကွယ်နေသော တင်မကြီး၏အခန်းကို ဖော်ပြပေးမည်ဟု စဉ်းစားနေဆဲ ဒေါ်ဒေါ်မြိုင်သည် သူ့စကားကို လက်စမသတ်နိုင်သေး။ ဆက်ပြောပါစေတော့၊ဆက်ပြောပါစေတော့၊ဘွားအေမှာလည်း ဖွားအေဝေဒနာနှင့်၊ သူ့ခမျာ ဘွားအေကြီးအိုကြီးအိုမဖြစ်ခါမှ သူခံစားရသောဝေဒနာကို ခင့်အား ခွဲဝေပေးခြင်းဖြင့် တစိတ်တစ်ဒေသ ရင်တွင်းမှရောဂါသက်သာလျှင် ခင့်အတွက် ကုသိုလ်ရပေသည်။

"တကတဲတော်ရေ့၊ တကယ်ဆို ဟဲ့တင်မကြီး ဘွားဘွားကို ဒီလိုမပြောရဘူးလို့ ခင်တို့သူငယ်ချင်းမိမာက သမီးကို တစ်ချက်မဟောက်ဘူး။ ဒေါ်ဒေါ်မြိုင်ကတော့ ဘာရမလဲ ဒေါသလည်းထွက်၊ သူ့အမေမိမာကို ငယ်ငယ်တုန်းက ပျော့ပျော့ပျောင်းပျောင်း ချိုချိုသာသာ ဆုံးမခဲ့ပါတယ်။ ဒီကောင်မတွေကျတော့ ပုံကိုမကျလွန်း၊ မကြိုက်လွန်းတော့ ဒေါနဲ့မောနဲ့ကို ပြောပြရတာပေါ့။ ညည်းတို့ ဂုဏ်ယူမှားနေတယ်။ မိမာဟာ ကျောင်းအေးအေးတက်၊ ကားတဖြူးဖြူး လေထဲပျံမတက်စီး၊ ကျူရှင်တစ်ပုံကြီးတက်ပြီးမှ ဆရာဝန်ဖြစ်လာတဲ့ သမီးမျိုးမဟုတ်ဘူး။ မိဘကိုလည်းကူ၊ ဆန္ဒင်းမကင်းတစ်အိုးဖုတ်ပြီးမှ အခု

mgyoe.com

mgyoe.com

လမ်းမတော်ဆေးကျောင်းကြီးကို ဘတ်စ်ကားစီးပြီး စာသင်လာတဲ့ဆေးကျောင်းသူမကြီး ဆရာဝန်မကြီးဟဲ့၊ အဲဒါကို ငါဂုဏ်ယူတယ်ဟဲ့လို့ ဒေါ်ဒေါ်မြိုင်လည်း သူ့သမီးတွေကို တစ်ခါတည်း ဆိုရပြောရတာပေါ့"

အဖွားကြီးလည်း ပြောရင်း ပြောရင်း အတော်မောသွားဟန်တူ၏။

"ဖြည်းဖြည်းပဲ ပြောပါ ဒေါ်ဒေါ်မြိုင်ရယ်။ ခင် ဒေါ်ဒေါ်မြိုင်ပြောတဲ့ အမူအရာကို မြင်ရတာနဲ့ပဲ စိတ်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာကို သိပါတယ်"

"မမောပါဘူး ခင်ရေ မမောဘူး။ ပုမရေ လိမ္မော်ရည်အေးအေးယူခဲ့။ ရေခဲ သေတ္တာထဲမှာ ကိတ်မုန့်တွေရှိတယ်"

ဒေါ်ဒေါ်မြိုင်သည် လိမ္မော်ရည် သောက်ကာ စိမ်ပြေနပြေနှင့်မျိုသိပ်ခဲ့ရသမျှ သွန်ချတော့မည် ထင်သည်။

"ခဏ ခဏ မြေးမတွေနဲ့ အဘွားဒီလိုဖြစ်ရတာတွေ ကြားကြားနေရတော့ သူလည်း ဘယ်စိတ်ချမ်းသာနိုင်ပါတော့မလဲ ခင်ရယ်။ အေး တင်မောင်ဝင်းက တစ်ခါတစ်ခါ ဝင်ငေါက်တော့မှ အဲဒီတင်မကြီးက ငြိမ်သွားတယ်။ နို့မို့ရင် ကျွန်တော်မ အဘွားအို ဒေါ်ရွှေမြိုင်ကို မြေးမတွေက အိမ်ပေါ်က နှင်ချမယ်ထင်ပါရဲ့။ ကဲ ...သောက်ဦးခင်"

ပုမယူလာသော လိမ္မော်ရည်ကို ခင်လက်သို့ ကမ်းပေးလိုက်၏။ သူကိုယ်တိုင်လည်း ကျိုက်ကျိုက်နှင့် သောက်ချလိုက်၏။

"ဒါနဲ့ ခင်သိချင်တာ တစ်ခု မေးပါရစေ။ တင်မကြီး ခုဘယ်သွားနေသလဲ"

"ဘယ်သွားနေသလဲဆိုတော့ မြစ်ကြီးနားလေ၊ မြစ်ကြီးနားကောလိပ်ပေါ့။(ထိုအချိန်က ဒေသကောလိပ်များမပေါ်သေး)။ စာမေးပွဲအောင်စာရင်းတွေ ထွက်တော့ မိမာလို ဂုဏ်ထူးနဲ့အောင်ဖို့ နေနေသာ

သာ၊ အောင်မှတ်က အောင်တယ်ဆိုရုံရှိတော့ မြစ်ကြီးနားကောလိပ် အပို့ခံရတာပေါ့။ ဒီတော့မှ ငါ့ခြေရာကို ဆယ်ပုံတစ်ပုံတောင်မမီဘူး တင်မကြီးရဲ့ တအားသွန်ပြီးရိုက်တာဟာ။ ဒေါ်ဒေါ်မြိုင်ရဲ့သမီး မိမာ တစ်ခါမှ ဒီလိုစိတ်ဆိုးတာ မတွေ့ဖူးဘူး။ သမီးလည်း မြစ်ကြီးနားပို့ ပြီးရော မိရွှေမာ ဆေးရုံတက်ရတဲ့ ဘဝရောက်ရော။ ဘုံးဘုံးကို လဲတာ ပဲ။ ပထမအကြိမ်က သားကြီးတင်မောင်ဝင်းက တင်မကြီးကို ရိုက်တာ မှာ ဝင်ဖျန်ရင်းက နှလုံးကိုခိုက်ပြီး ဆေးရုံတက်ရသေးတယ်လေ။ ဒီ တုန်းက ခင်တို့ သိပါတယ်။ ခု ဆေးရုံတက်ရတဲ့အဖြစ်ကိုတော့ ဘယ် သူငယ်ချင်း၊ ဘယ်မိတ်ဆွေမှ အသိမပေးပါနဲ့တဲ့"

ခင်သည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရာမှ သက်ပြင်း ချမိ၏။ ဖွဲကောင်း၍ ဘာမဆို ခံနိုင်ရည်ရှိပါသော ခင်မာကြည်သည် သမီးစာမေးပွဲအောင်စာရင်းထွက်ရာတွင် အမှတ်ကောင်းရုံလောက် တော့ မဖြစ်တန်ရာ၊ အကြောင်းတစ်ခုခု ဒေါ်ဒေါ်မြိုင် မသိသေးသော အကြောင်းတစ်ခုတော့ ရှိရပေဦးတော့မည်။ ဒါက ခင်၏ တွေးတော ချက်။

"ခင် ဒီလိုပြောမယ်လေ၊ ခု ဒေါ်ဒေါ်မြိုင်ပြောတာတွေကို ခင်ဘာမှ မသိသလိုနေမယ်။ ခင့်မိတ်ဆွေရောဂါကုဖို့ ဆေးဆိုင်ကို တယ်လီဖုန်းဆက်ရာက ဆေးရုံတက်နေရတယ်ဆိုတာ သိလို့ဆေးရုံ လာမေးတာလို့ ပြောမယ်နော်။ ညီအစ်မအရင်းလို တစ်ယောက်အရေး ရှိ တစ်ယောက်ကူညီခဲ့တော့ ဆေးရုံတက်တာကို ခင့်ကိုသတိပေးတဲ့ အတွက် ဒေါ်ဒေါ်မြိုင်ကို အမာလည်း စိတ်ကွက်မှာ မဟုတ်ပါဘူး။ ခင် ဒီကနေအပြန် ဆေးရုံကို လှည့်ဝင်မယ်နော်"

"အေးပါကွယ်။ ဒေါ်ဒေါ်မြိုင်လေ သမီးလေး သေသွားမှာကိုပဲ စိုးတယ်။ ခုသာ ဒေါ်နဲ့မောနဲ့ပြောပေမယ့် သမီးလေးဟာ သူ့သားသမီး

mgyoe.com

mgyoe.com


အပေါ်မှာ အချစ်မျက်စိကန်းတာကလွဲလို့ ဘာအပြစ်မှမရှိ၊ ငါ့မှာ သူတကာ ရရှိနိုင်ခဲတဲ့ သမီးကောင်းဖြစ်ရတယ်လို့ အမြဲဂုဏ်ယူခဲ့တာပါ။ ဒေါ်ဒေါ်မြိုင်ရဲ့ သမီးလေးသေသွားမှဖြင့်"

ဒေါ်ဒေါ်မြိုင်သည် တရှုံ့ရှုံ့ငိုပါတော့သည်။

"မငိုပါနဲ့ ဒေါ်ဒေါ်မြိုင်ရယ် တဖြည်းဖြည်းတော့ အဆင်ပြေလာမှာပေါ့" လောလောလတ်လတ်တော့ ထိုစကားလုံးမှလွဲ၍ ဒေါ်ဒေါ်မြိုင် စိတ်ချမ်းသာရာရရန် စကားလုံး ရှာမတွေ့ပေ။ ညနေ ၄ နာရီ ထိုးခါနီးလောက်တွင်တော့ ခင်သည် ဒေါ်ဒေါ်မြိုင်ကို နှုတ်ဆက်၍ ဆေးရုံဘက်သို့ ထွက်လာခဲ့၏။

ဆေးရုံကြီးတွင်မူ ခင်မာကြည်အား ဆရာဝန်ဖြစ်၍ သီးသန့်အခန်းထဲတွင် တွေ့ရ၏။ အခန်းဝတွင်မူ ဧည့်သည်ဝင်ခွင့်မပြုဟုဆွဲချိတ်ထားသည်။ ခင်ကတော့ ညီမဟူ၍ ပြောကာ ဝင်ခွင့်တောင်းခဲ့သည်။ အလှည့်ကျ ဆရာဝန်ဒေါက်တာသောင်းဒန်နှင့်လည်း ခင်သိ၍ ခင်အခန်းထဲ ဝင်ရေးမှာ မခက်ခဲပါပေ။

လူနာခုတင်ပေါ်တွင် ပိုးဟပ်ဖြူကလေးလို မျက်စိမှိတ်၍ လဲလျောင်းနေသော ခင်မာကြည်ကို ခင်တွေ့ရ၏။

"အမာ"

အမာသည် ခင်၏ တီးတိုးခေါ်သံကို ချက်ချင်းသိရှိသလို မျက်စိမှိတ်ထားရာမှ သူ၏ ဖြူလျော်သော လက်ကိုဆန့်တန်းပေး၏။ အမာ၏လက်ကို ဆွဲကိုင်လိုက်သောအခါ အေးစက်သော အတွေ့ကို ခင်တွေ့ရ၏။

"အမာရယ်၊ ဆေးရုံတက်ရတာ ခင်မသိလို့ခွင့်ပြုနော်။ မင်းသိပ် အားနည်းနေပုံရတယ်"

"ဟုတ်တယ်လေ၊ အားနည်းရုံ မကဘူး။ သေဖို့တောင်

mgyoe.com